ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (23-11-2010) (၆၅၉၁)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ယူနန်ပြည်နယ် ကွန်မြူနစ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Bai Enpei အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr.Bai Enpei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr.Bai Enpei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Bai Enpei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr.Bai Enpei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ဖွံ့ဖြိုးဝေစည် ကန္ဒရဝတီ

သတင်းဆောင်းပါး - ဆုနှင်းလှဲ့ ❖ ဓာတ်ပုံ - အောင်အောင်

လွန်ခဲ့သည့် ၁၅ နှစ်ခန့်အချိန်က မြန်မာနိုင်ငံ၏ အရှေ့ဘက်ကုန်းမြင့်ဒေသ အစပ်တွင်ရှိသော ကန္ဒရဝတီဟုခေါ်ဆိုသော ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်ရမည့် အခွင့်အရေး ရရှိခဲ့သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် သွားရောက်နိုင်ခဲ့ခြင်းမရှိခဲ့။ ၁၅ နှစ်ကျော်ကာလအတွင်း လွိုင်ကော်မြေကို ခြေချရန်အခွင့်အရေးများ ရရှိခဲ့သော်လည်း အခွင့်မသာသည့်အတွက် မရောက်ဖြစ်ခဲ့။ အခုတော့ အလွန်သွားချင်ခဲ့သော၊ ရောက်ဖူးချင်ခဲ့သော ချစ်စရာ့ကယားတို့ ဌာနေကို ခြေချခွင့်ကြုံခဲ့သည်။ အရှေ့ဘက်ကုန်းမြင့်အစပ်နားဆီက လှပသော လင်းရောင်ခြည်ကို တွေ့မြင်ခဲ့ရသည်။

ထို ၁၅ နှစ်ကျော်ဆိုသောကာလသည် လွိုင်ကော်ကို အပြောင်းအလဲကြီး ပြောင်းလဲစေခဲ့သည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ကုန်းဘောင်မင်းဆက်ထူထောင်ခဲ့သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်မှသည် ကူးသန်းရောင်းဝယ်ရေး ဗဟိုစခန်းဖြစ်ခဲ့သော မြို့၊ ရှမ်းပြည်နယ်နှင့် ကုန်းလမ်း၊ ရေလမ်း အဆက်အသွယ်ရှိသော မြို့၊ ကန္ဒရဝတီငွေတောင်ပြည်၏ မြို့ဖြစ်သော လွိုင်ကော်မြို့လေးသည် သေးငယ်သော်ငြား ခံ့ညားလှပလို့နေ၏။

ကယားပြည်နယ်တွင် လွိုင်ကော်မြို့သည် တောင်ပေါ်အပန်းဖြေမြို့လေး ဖြစ်ခဲ့သော်လည်း ဘာသာ သာသနာ စတင်ထွန်းကားခဲ့သည့် ဘုရားပုထိုး၊ ကျောင်းကန်ဇရပ်များလည်း ရှိသည်။ မင်္ဂလာသီရိတောင်ကွဲစေတီတော်နှင့် ရွှေတောင်စေတီတော်တို့မှာလည်း **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

၂၃-၁၁-၂၀၁၀
(အင်္ဂါနေ့)

ရေထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့

နိုင်ငံ၏သားငါးကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အရေးပါလျက်ရှိသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၌ မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပွားများရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်အသုံးပြုရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။

မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးမျိုးမပြုန်းတီးရေးတို့ကို ကျင့်သုံးနေကြသည်။ ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာလျက်ရှိသည်။ ငါးမွေးမြူရေးကန်ပေါင်း ဧကနှစ်သိန်းကျော်အထိ တိုးတက်နေပြီ။ အဆိုပါငါးမွေးမြူရေးကန်များတွင် ပြည်ပဈေးကွက်၌ ဝယ်လိုအားကောင်းသည့် ငါးမြစ်ချင်းကို အများဆုံး မွေးမြူကြသည်။ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ တီလားပီးယား စသည့် ငါးများကိုပါ တွဲဖက်မွေးမြူနေကြသည်။

ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည့်ရေချိုငါးများကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ခေတ်မီငါးမွေးမြူရေးနည်းစနစ်များ ပိုမို သုတေသနပြုကြရပေမည်။ ပုစွန်မွေးမြူရေးအနေဖြင့် တစ်နိုင်ငံလုံးတွင် ဧကနှစ်သိန်းကျော် မွေးမြူထားပြီ။ ရေငန်ပုစွန်ကျား၊ ရေငန်ပုစွန်ဖြူ၊ ရေချိုပုစွန်တုပ်ကြီးမျိုးများကို အများဆုံးမွေးမြူနေကြသည်။ ထို့အပြင် ဈေးကွက်ရှိသည့် ကဏန်းပျော့များကိုလည်း ကမ်းရိုးတန်းဒေသများတွင် တိုးချဲ့မွေးမြူထုတ်လုပ်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ရေထွက်ပစ္စည်းများကို အကောင်လိုက်ဝယ်ယူစားသုံးနေကြခြင်းမှ အသားလွှာများ၊ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော အစားအသောက်များကို စားသုံးမှုများပြားလာလျက်ရှိသည်။ ရေထွက်ပစ္စည်းများကို ပြည်တွင်းတွင်သာမက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးပိုင်းနှင့် ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာရေး ဂရုပြုကြရပေမည်။

ယခုအခါ ကမ္ဘာတစ်ဝန်း၌ စားသုံးသူများက အရည်အသွေးကောင်းအစားအစာများကိုသာမက ဘေးကင်းစိတ်ချရသည့် အစားအစာများကိုသာ အလေးထားလာကြသည်။ ထုတ်လုပ်တင်ပို့သည့် ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းပြီး ဘေးကင်းစိတ်ချရမှုရှိရေး စနစ်တကျ လုပ်ဆောင်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ပစ္စည်းများကို သမားရိုးကျ တင်ပို့ရုံမျှမက ကမ္ဘာ့စားသုံးမှု ဈေးကွက်လိုအပ်ချက်နှင့်အညီ တင်ပို့နေပြီ။ ရေချို ရေငန် ငါးပုစွန်များ တိုးချဲ့မွေးမြူပြီး တန်ဖိုးမြှင့်ထုတ်လုပ်နေကြပြီ။ မြန်မာ့ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် စက်ရုံများက ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းမီ တန်ဖိုးမြှင့်ထုတ်လုပ်ကြခြင်းဖြင့် ပြည်ပဈေးကွက်သို့ အောင်အောင်မြင်မြင် ထိုးဖောက်တင်ပို့နိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်တွင် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင် - မိုးကုတ်ကားလမ်းသစ် ၉၇ မိုင် ၇ ဖာလုံအား ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်ဖြင့် ကျောက်မဲမြို့မှ ထွက်ခွာလာပြီး ကျောက်မဲ-မိုင်းလုံ လမ်းတစ်လျှောက် လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းလုံမှ တစ်ဆင့် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ် မိုင်တိုင်အမှတ် (၈၃/၇)ရှိ လဲကြီးရွာအနီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ် မိုင်တိုင်အမှတ် (၇၀/၄)နှင့် (၆၃/၄)ကြားတွင် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၆၀/၀)နှင့် (၅၃/၄)ကြား လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၅၀/၄)နှင့် (၄၄/၀) ကြားတွင် တောင်ကမ်းပါးယံများ အနိမ့်အမြင့်ဖြေခြင်း၊ လမ်းသားအကျယ် ၃၄ ပေရရှိအောင် ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၆/၆)နှင့် (၁၁/၇) ကြားတွင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒိုးပင်ရွာအနီး လမ်းစခန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်တွင် ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်အား အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က လမ်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသည် လမ်းသစ်ဖြစ်သည့်အတွက် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရန် သတ်မှတ်စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ရန်နှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် နေ့ညမပြတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်ကို လမ်းသားအကျယ် ၃၄ ပေ၊ ကတ္တရာလမ်း ၁၂ ပေ အကျယ်အဆင့်အထိ ဖောက်လုပ်သွားမည်ဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ ခရိုင်အဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီ ၁၀ ဖွဲ့ စုစုပေါင်း ၁၂ ဖွဲ့ဖြင့် လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီဒီယိုဆင်ဆာမှုရင်းကွဲလက်မှတ်အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုရေးနှင့် ခိုးချပ်၊ ပွားချပ် လျှော့နည်းပပျောက်စေရေး ပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဗီဒီယိုဆင်ဆာမူရင်းကွဲ လက်မှတ်အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုစေရေးနှင့် ခိုးချပ်၊ ပွားချပ်များ လျှော့နည်းပပျောက်စေရေးအတွက် ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပဲခူးခရိုင် ရှစ်မြို့နယ်အတွက် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် တောင်ငူခရိုင်ခြောက်မြို့နယ်အတွက် တောင်ငူမြို့ ကောင်းအုန်ဘုံကျောင်းခန်းမ၌ လည်းကောင်း ကျင်းပသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးအောင်စိုးမင်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကို အသုံးပြုရေး၊ ခိုးချပ်၊ ပွားချပ်များ လျှော့နည်းပပျောက်စေရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးခင်ဋ္ဌေးက မြန်မာဗီဒီယိုဇာတ်ကား ဖြန့်ချိ၊ ငှားရမ်း၊ ပြသရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ပညာပေး ရှင်းလင်းဆွေးနွေးကြပြီး ဗီဒီယိုလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ တိုင်းဒေသကြီးနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရွှေလီလမ်း သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(၃)ဗဟန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

အထက(၃)ဗဟန်း (ယခင်YMBA၊အလက-၄-ဗဟန်း) ကျောင်းတွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဦးလှတင် (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၅၅၂၂၂၊ ဦးကိုကိုကြီး (ဆင်မင်းဆပ်ပြာစက်)ဖုန်း-၀၉-၅၀၉၃၂၃၉၊ ဦးလှထွေး(ရှိုမိုစားသောက်ဆိုင်) ဖုန်း-၀၉-၅၁၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၃၉၆၆၊ ဦးဌေးလွင် ဖုန်း-၃၈၄၁၆၆ (Ext;12)၊ ဒေါ်တင်နွယ်ဦး ဖုန်း-၅၅၄၂၆၂၊ ဆရာမ ဒေါ်ခင်လှမြင့် ဖုန်း-၇၃၀၄၇၂၇၅ နှင့် ဒေါ်မြမြသန်း(နှင်းဆီဦးအလှပြင်ဆိုင်) ဖုန်း-၄၀၀၇၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ယနေ့ခေတ်မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ ဆောင်းပါးပေါင်းချုပ် စာအုပ်ထုတ်ဝေ ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၂၂

ခရမ်းစိုးမြင့် ရေးသားသည့် ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ ဆောင်းပါးပေါင်းချုပ်စာအုပ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(ယာပုံ)**

ထိုစာအုပ်တွင်ပါရှိသော ဆောင်းပါးများမှာ ၂၀၀၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကြေးမုံ၊ မြန်မာ့အလင်းနှင့် THE NEW LIGHT OF MYANMAR သတင်းစာများတွင် ရေးသားဖော်ပြခဲ့သော သတင်းဆောင်းပါး ၁၄ ပုဒ်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်အပိုင်း) လမ်းအသုံးပြုခများ ကောက်ခံခြင်းအကြောင်း သတင်းဆောင်းပါးတစ်ပုဒ် စုစုပေါင်း သတင်းဆောင်းပါး ၁၅ ပုဒ်ကို စုစည်းရိုက်နှိပ်ထားခြင်း ဖြစ်သည်။

ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် မြန်မာနိုင်ငံ၏လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်/တိုင်းချင်းဆက်လမ်းများ၊ မဟာဗျူဟာလမ်းမကြီးများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်လမ်းကွန်ရက်များ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားသော စုစုပေါင်း မော်တော်ယာဉ်များ၊ မော်တော်ယာဉ်နည်းဥပဒေများ၊ လမ်းညွှန်အမှတ်အသားများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ရှိရမည့် ကုန်တင်ယာဉ်များ၏ အတိုင်းအတာ စံချိန်စံညွှန်းများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်ဌာန၏ မော်တော်ယာဉ်စစ်ဆေးခြင်း၊ အာရှနှင့် အာဆီယံလမ်းမကြီးများ အကြောင်းတို့ ပါရှိပြီး စိန်မြန်မာပုံနှိပ်တိုက်က ပုံနှိပ်၍ မြန်မာမြင့်စာပေက ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ယင်းစာအုပ်ကို စိန်မြန်မာပုံနှိပ်တိုက် ဖုန်း-၀၉-၅၀၀၆၈၈၅ နှင့် နှင်းဆီလှိုင်စာပေ ဖုန်း -၀၁-၅၈၁၆၆၃ နှင့် ဖုန်း -၀၉-၅၀၆၆၄၉၀ တို့မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၁ ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝသူများအဖြစ် လေ့ကျင့်ပျိုးထောင်

နေပြည်တော် နိုဝင်ဘာ ၂၂

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၃) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ လိုလားချက်နှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းတည်ဆောက်လျက်ရှိရာ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီး ထာဝစဉ် ဆက်လက်ရှင်သန်ခိုင်မြဲနေစေရေးအတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို မိမိတို့၏ကိုယ်ပိုင်စွမ်းအားဖြင့် မနားမနေ ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့်လည်း မိမိတို့နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာစွမ်းအား၊ ဘဏ္ဍာရေးနှင့် သဘာဝအရင်းအမြစ်စွမ်းအား၊ လူသားအရင်းအမြစ်စွမ်းအားများကို ဘက်စုံကဏ္ဍစုံမှ အသုံးပြုပြီး ကြိုးပမ်းလျက်ရှိနေကြကြောင်း။

လေ့ကျင့်သင်ကြား

ယနေ့ကာလ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများကြောင့် ပညာရပ်အသီးသီးသည် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ နေ့စဉ်လူမှုစီးပွားရေးဘဝအတွင်း လွှမ်းမိုးကြီးစိုးလာသည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့်ကျောင်းသား၊ ကျောင်းသူများကို စာပေတတ်မြောက်ရေးသင်ကြားပေးမှုတစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွင်း လက်တွေ့အကျိုးရှိရှိ အံဝင်ခွင်ကျဖြစ်စေရေး လေ့ကျင့်သင်ကြားပေးမှသာ ယနေ့ပညာရေးကဏ္ဍ၏ ဦးတည်ချက် ပြည့်စုံအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် မျက်မှောက်ကာလ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တိုးတက်အောင်မြင်မှုအခြေခံအကြောင်းရင်းများအနက် တီထွင်ဖန်တီးမှုအရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကို အသုံးချနိုင်ခြင်းသည် အရေးပါသော အချက်တစ်ချက်ဖြစ်သည့်အတွက် မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များကို လူမှုစီးပွားရေးကဏ္ဍအသီးသီး၌ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အရည်အသွေးပြည့်ဝစွာဖြင့် စွမ်းဆောင်နိုင်သူများအဖြစ် မျှော်မှန်းပြီး ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း။

တစ်ချိန်တည်းမှာပင် နိုင်ငံကြီးများအနေဖြင့် ယနေ့ကာလတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် သတင်းဆက်သွယ်ရေးနည်းပညာများနှင့် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွှယ်ပြောင်းလဲမှု (Globalization)ဖြစ်စဉ်ကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အတွေးအခေါ်နှင့် ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်လွှမ်းမိုးနိုင်ရေး ကြိုးပမ်းလာကြကြောင်း၊ ဤအခြေအနေတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုအမျိုးမျိုးကြားမှ အားထုတ်ကြိုးပမ်းနေကြရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ ပျောက်ကွယ်မသွားစေရေးအတွက် နိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးထိုးဖောက်မှု အန္တရာယ်များကို တားဆီးကာကွယ်နေကြရကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှည်လျားသည့် သမိုင်းကြောင်းဖြင့် နှစ်ပေါင်းထောင်ချီသည့် ကာလကပင် ကိုယ်ပိုင်ရပ်တည်လာခဲ့သည့်နိုင်ငံ ဖြစ်သကဲ့သို့ အမျိုးသားရေးဆိုင်ရာ ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် အင်အားကြီးနိုင်ငံများနှင့် ယှဉ်တွဲပြီး ခိုင်ခိုင်မာမာ တည်တည်ကြည်ကြည် ရပ်တည်လာခဲ့သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ၂၁ ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး မိမိတို့နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး တာဝန်ယူကြိုးပမ်းသွားကြမည့် မျိုးဆက်သစ်လူငယ်များအား အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် သာမက ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားသူများ၊ စိတ်ဓာတ်ရေးရာ မြင့်မားပြီး အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝသူများအဖြစ်ပါ လေ့ကျင့်ပျိုးထောင်ပေးရန် အထူးလိုအပ်ကြောင်း။

ပြုစုပျိုးထောင်

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများအဖြစ် သာမက စိတ်ဓာတ်ရေးရာတွင်လည်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုစုပျိုးထောင်ပေးနိုင်သည်နှင့်အမျှ အခြေခံပညာကဏ္ဍ မျှော်မှန်းချက်တစ်ရပ်ဖြစ်သော မိမိဘဝနှင့် လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သည့် ကမ္ဘာ့လူ့ရည်မွန်များအဖြစ်လည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး ပညာရေးကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေသည့်နည်းတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်၏ ပဥ္စမအဆင့်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ရာ ကျန်ရှိသော လုပ်ငန်းစဉ်များကိုလည်း အဆင့်လိုက် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

-နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့် ပေါင်းစပ်ပြီး အနာဂတ် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အားထုတ်ကြိုးပမ်းသွားကြရန်။

-အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ မျှော်မှန်းချက်များကို ရှင်းလင်းစွာ ပိုင်းခြားသိမြင်နားလည်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်။

-ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးမှ ပညာရေးဝန်ထမ်း ညီအစ်ကိုမောင်နှမများအချင်းချင်း ရင်းနှီးချစ်ခင်စွာဆုံစည်းကြရသည့် သင်တန်းကာလတစ်လျှောက် အမျိုးသားရေးတာဝန်များကို ပိုမိုသိမြင်လာစေရေးအတွက် ဆည်းပူးလေ့လာကြရမည့် သင်ခန်းစာများကိုစည်းကမ်းတကျဖြင့် ဆည်းပူးလေ့လာသွားကြရန်တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၁၅၀၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

(၂၆၃)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် ေ အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ ဆု၊ ငွေကျပ် ၁၀ သိန်း ၂၈၆ ဆု၊ ငွေကျပ် ၅ သိန်း သုံးဆု၊ ငွေကျပ် ၃ သိန်း ၁၄၄ ဆု၊ ငွေကျပ် ၂ သိန်း ၁၂၆၀ ဆုနှင့် ငွေကျပ် ၁ သိန်း ၁၂၃၅၄ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကမ်းနားလမ်း အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)မှ အကြိမ်(၆၀)မြောက် ဘိုးဘွားများနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ် ရှစ်သိန်းရှစ်ထောင်ခြောက်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နိုဝင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ တတိယ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင်ရွေးချယ်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ တတိယ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ အဆိုပြုလွှာများ တင်သွင်းကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(23-11)03.pmd 1 11/23/2010, 4:12 AM

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နေတိုးအဖွဲ့ဝင်နိုင်ငံများ ထိပ်သီးညီလာခံ ၂၀၁၀။

အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့

လစ္စဘွန်း နိုဝင်ဘာ ၂၂ - အမေရိကန်သမ္မတ ဘာရတ်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်တို့သည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)ထိပ်သီးဆွေးနွေးပွဲ ကျင်းပရာ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ အစီအစဉ်မရှိဘဲ သီးခြားတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

အမေရိကန်နှင့် ရုရှားသမ္မတတို့သည် မိနစ် ၂၀ ခန့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဘန်းရိုဒီက ဝါရှင်တန်သို့ ပျံသန်းနေသော သမ္မတလေယာဉ်ပေါ်တွင် သတင်းထောက်များအား ပြောကြားသည်။

ကနဦးအနေဖြင့် အစီအစဉ်ပြုလုပ်ထားခြင်းမရှိဘဲ အလွတ်သဘော တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ဘန်းရိုဒီက ပြောကြားသည်။

ဥရောပတွင် ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်ရေးအစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ ပူးတွဲလေ့လာသွားရန် နေတိုးအဖွဲ့နှင့် ရုရှားနိုင်ငံတို့ နိုဝင်ဘာ ၂၀ ရက်က သဘောတူညီခဲ့ကြသည်။

ဂျော်ဂျီယာသမ္မတ မီခေးလ်ဆာခါရှဗီလီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အတွေ့အကြုံကို အိုဘားမားက ရုရှားသမ္မတအား ရှင်းလင်းပြောဆိုခဲ့သည်။

ရုရှားနှင့် ဂျော်ဂျီယာနိုင်ငံတို့သည် ၂၀၀၈ ခုနှစ် ဩဂုတ်လက ငါးရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့သည်။ **အင်တာနက်။**

သီရိလင်္ကာတွင် ဝန်ကြီးအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

ကိုလံဘို နိုဝင်ဘာ ၂၂

သီရိလင်္ကာနိုင်ငံတွင် သမ္မတ မဟိန္ဒာရာဂျာပက်ဆာ၏ ဒုတိယမြောက် သမ္မတရာထူးသက်တမ်း၌ တာဝန်ထမ်းဆောင်မည့် ဝန်ကြီးအဖွဲ့၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို မြို့တော်ကိုလံဘိုတွင် ယနေ့ကျင်းပသည်။

လက်ရှိဝန်ကြီးချုပ် ဒီအမ်ဂျာယာရာတနီသည် ယင်းရာထူး၌ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး အထက်တန်း ဝန်ကြီးကိုးဦးတွင် ယခင်ဝန်ကြီးချုပ် ဝိကရမာနာယာကာ ပါဝင်သည်။

ဝန်ကြီးအများစုမှာ ၎င်းတို့၏ ယခင် ရာထူးများ၌ ထပ်မံတာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသည်။ ရာဂျာပက်ဆာ၏ အစိုးရအဖွဲ့ဘက်သို့ ဘက်ပြောင်းလာသော အမတ်အချို့မှာလည်း ဝန်ကြီးအဖွဲ့တွင် ပါဝင်ခွင့် ရရှိသည်။

သီရိလင်္ကာ မွတ်စလင်ကွန်ဂရက်ပါတီ ခေါင်းဆောင် ရာအူးဟာကင်သည် တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။

သီရိလင်္ကာနိုင်ငံတွင် စက်တင်ဘာလက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် လက်ရှိသမ္မတမှာ တတိယမြောက် သမ္မတရာထူးသက်တမ်းအတွက် ယှဉ်ပြိုင်အရွေးချယ်ခံခွင့် ရရှိပြီဖြစ်သည်။

လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဂျီအယ်လ်ပီရစ်မှာ ယင်းရာထူး၌ ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရရှိသည်။

သမ္မတ ရာဂျာပက်ဆာသည် နိုဝင်ဘာ ၁၉ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ **အင်တာနက်။**

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ဆိုမာလီ ပင်လယ်ဓားပြမှု တရားစီရင်ရေး လုပ်ဆောင်

ဟမ်းဘတ် နိုဝင်ဘာ ၂၂ - ဆိုမာလီပင်လယ်ဓားပြများဟု ယူဆရသူ ၁၀ ဦး၏ အမှုအခင်းကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ယနေ့ စတင်စစ်ဆေးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ် ဧပြီလအတွင်း ဂျာမန်ကုန်တင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲရန် ကြိုးပမ်းနေစဉ် ကြားဝင်ကယ်တင်ခဲ့သော ဒတ်ချ်ရေတပ်မရိန်းတပ်ဖွဲ့ဝင်များသည် ပင်လယ်ဓားပြဟု ယူဆရသူ ဆိုမာလီနိုင်ငံသား ၁၀ ဦးအား ဖမ်းဆီး၍ ဂျာမနီနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အသက် (၁၇) နှစ်နှင့် (၄၈) နှစ်အကြား ပင်လယ်ဓားပြအဖြစ် ယူဆရသူ ဆိုမာလီနိုင်ငံသား ၁၀ ဦးကို ရေလမ်းကြောင်းလုံခြုံရေးနှောင့်ယှက်မှု၊ ပြန်ပေးဆွဲရန် ကြံစည်အားထုတ်မှုများဖြင့် တရားစွဲဆိုသွားမည်ဟု ဆိုသည်။

အဆိုပါ ဆိုမာလီနိုင်ငံသားများအား ဥပဒေကြောင်းအရ တရားစီရင်မှုသည် ဂျာမနီနိုင်ငံ၏ နှစ်ပေါင်း ၄၀၀ အတွင်း ပြည်ပနိုင်ငံသားများကို ဂျာမန်ဥပဒေအရ ပထမဆုံး တရားစီရင်မှုဖြစ်သည်။

ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားပါက ဆိုမာလီနိုင်ငံသား ၁၀ ဦးတို့သည် ဂျာမနီနိုင်ငံ၏ ဥပဒေအရ ထောင်ဒဏ် ၁၅ နှစ်မှအထက် ကျခံရနိုင်ဖွယ်ရာရှိကြောင်း သိရသည်။ **အာရ်တီအိုင်။**

အကြမ်းဖက်အန္တရာယ်ကြောင့် ဂျာမန်ပါလီမန်လွှတ်တော် လူဝင်ခွင့်ပိတ်

ဘာလင် နိုဝင်ဘာ ၂၂

အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်လာနိုင်သည့်အတွက် လုံခြုံရေးအရ အသင့်ပြင်ဆင်ထားရန် သတိပေးချက် ထွက်ပေါ်ခဲ့ပြီးနောက် ရိုက်ခ်ျစတက်အဆောက်အအုံခေါ် ဂျာမန်ပါလီမန်လွှတ်တော်၏ မှန်အမိုးခုံးအထပ်သို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ခွင့်ကို ဂျာမန်အစိုးရကတားမြစ်ခဲ့ကြောင်း နိုဝင်ဘာ ၂၂ရက် သတင်းများတွင် ဖော်ပြသည်။

ရိုက်ခ်ျစတက်အမိုးခုံးဆီသို့ တက်ရောက်နိုင်ရန် ကြောင်လိမ်လှေကားတပ်ဆင်ထားပြီး ယင်းနေရာမှနေ၍ ဂျာမန်နိုင်ငံ မြို့တော် ဘာလင်၏ အလှအပကို ခံစားကြည့်ရှုနိုင်မည်ဖြစ်သည်။

ရိုက်ခ်ျစတက်အမိုးခုံးကို ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ခွင့်အား လုံခြုံရေးအရ ကာလအတိုင်းအတာ တစ်ရပ်အထိ ပိတ်ထားမည်ဖြစ်သည်။ **အင်တာနက်။**

တရုတ်ကျောက်မီးသွေးတွင်းမှ ပိတ်မိမိုင်းလုပ်သား ၂၉ဦး ကယ်တင်နိုင်

ပေကျင်း နိုဝင်ဘာ ၂၂ - တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ဘာရှန်းကျောက်မီးသွေးတွင်း၌ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့၍ မြေအောက်တွင် ပိတ်မိနေသော အလုပ်သမား ၂၉ဦးကို ပြန်လည်ကယ်တင်နိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၂ရက် သတင်းများတွင် ဖော်ပြသည်။

၂၄နာရီပတ်လုံး အမှောင်ထုထဲတွင်နေခဲ့ကြရသော မိုင်းအလုပ်သမား ၂၉ဦးကို မျက်လုံးများပိတ်၍ မြေပေါ်သို့ ကယ်တင်လာသည်ကို စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

မိုင်းအလုပ်သမား ၂၉ဦးတို့သည် ကျန်းမာရေးကောင်းမွန်စွာရှိနေကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘာရှန်းကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီကပိုင်ဆိုင်သော မိုင်းတွင်းဟောင်းတစ်ခုမှရေများ ဘာရှန်းကျောက်မီးသွေးတွင်းထဲသို့ ဝင်ရောက်လာမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ၂၉ဦးတို့သည် နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းမှစ၍ မိုင်းတွင်းထဲ၌ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ **အေပီ။**

ဆိုမာလီ လက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခကြောင့် ၁၃ ဦးသေဆုံး

မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၂

ဆိုမာလီနိုင်ငံအလယ်ပိုင်းရှိ ကျေးရွာတစ်ရွာကို ထိန်းချုပ်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေသော လက်နက်ကိုင်အုပ်စုများအကြား နိုဝင်ဘာ ၂၀ ရက်က တိုက်ပွဲဖြစ်ပွားရာ အနည်းဆုံးလူ ၁၃ ဦး သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆိုမာလီ တာဝန်ရှိသူများက ပြောကြားသည်။

ဆိုမာလီ အစိုးရ၏ မဟာမိတ်ဖြစ်သော အာလူ ဆွန်နားဝါလ် ဂျမာ စစ်သွေးကြွအုပ်စုက အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စု ထိန်းချုပ်သော ကျေးရွာကို တိုက်ခိုက်ရာမှ အစပြု၍ တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နိုဝင်ဘာ ၂၁ ရက် အထိ တိုက်ပွဲဖြစ်ပွားပြီးနောက် အယ်လ်ရှာဘတ် စစ်သွေးကြွများသည် ကျေးရွာကို စွန့်ခွာသွားကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ဆိုမာလီနိုင်ငံသည် နှစ်ပေါင်း ၂၀ နီးပါးမျှ မင်းမဲ့နိုင်ငံတစ်နိုင်ငံသဖွယ်ရပ်တည်နေရသော နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြမ်းဖက်မှု အများဆုံးဖြစ်ပွားသော နိုင်ငံများစာရင်းတွင် ထိပ်ဆုံးက ပါဝင်နေသည်ဟုဆိုသည်။ **အေပီ။**

အမေရိကန်ကာကွယ်ရေးဝန်ကြီးရှေ့၌ အမေရိကန်နိုင်ငံနှင့် ပတ်သက်၍ ဘိုလီးဗီးယားခေါင်းဆောင်ဝေဖန်

ဆန်တာခရုဇ် နိုဝင်ဘာ ၂၂

အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ် ဘိုလီးဗီးယားနိုင်ငံသို့ ရောက်ရှိနေစဉ် ဘိုလီးဗီးယားသမ္မတ အေဗိုးမော်ရေးလက်စ်က အမေရိကန်နိုင်ငံနှင့် ပတ်သက်၍ ပြောဆိုဝေဖန်မှုများပြုလုပ်ခဲ့ကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘိုလီးဗီးယားနိုင်ငံသည် လိုအပ်လျှင် မည်သည့်နိုင်ငံနှင့်မဆို မဟာမိတ်ဖွဲ့မည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ သဘောထားအမြင်ကို ရယူမည်မဟုတ်ကြောင်း သမ္မတအေဗိုးမော်ရေးလက်စ်က ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ ဘိုလီးဗီးယား အလည်အပတ်ခရီးစဉ်အတွင်း မော်ရေးလက်စ်သည် အမေရိကန်ပြည်ထောင်စုအား ခေါင်းစဉ်အမျိုးမျိုးဖြင့် ဝေဖန်ခဲ့သည်။

မော်ရေးလက်စ်၏ ဝေဖန်မှုများနှင့် ပတ်သက်၍ အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က တိုက်ရိုက်တုံ့ပြန်ခြင်း မရှိခဲ့ပေ။

အီရန်နိုင်ငံသည် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုခံထားရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို ယင်းနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများရှိနေသော နိုင်ငံများအနေဖြင့် သတိမူသင့်ကြောင်း ရောဘတ်ဂိတ်က နိုဝင်ဘာ ၂၁ ရက်တွင် သတိပေးခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံသည် ဗင်နီဇွဲလား၊ ကျူးဘား၊ အီရန် နိုင်ငံတို့နှင့် မဟာမိတ်ဆက်ဆံရေးထားရှိခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်မှုကို ခံနေရသည်။ **အေပီ။**

အီဂျစ်နိုင်ငံနှင့် နယ်စပ်တစ်လျှောက် အရံအတားများ အစ္စရေးတည်ဆောက်

ဂျေရုဆလင် နိုဝင်ဘာ ၂၂ - အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြားနယ်စပ်ကို ပိတ်ဆို့ထားနိုင်ရေးအတွက် အရံအတားများတည်ဆောက်ရေးလုပ်ငန်းကို တနင်္လာနေ့က စတင်လုပ်ဆောင်ပြီဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာက သတင်းထုတ်ပြန်သည်။

မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ မှောင်ခိုသွင်းယူခြင်းနှင့် အီဂျစ်နိုင်ငံ ဆိုင်းနိုင်း သဲကန္တာရဒေသမှတစ်ဆင့် ဝင်ရောက်လာမည့် အာဖရိကတိုက်သား တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို တားဆီးနိုင်ရန် အရံအတားများ တည်ဆောက်ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

ဆိုင်းနိုင်းသဲကန္တာရဒေသကို အစ္စရေးနိုင်ငံတွင် ဒုက္ခသည်အဖြစ်ခိုလှုံလိုသော အာဖရိကတိုက်သားများက ဖြတ်လမ်းတစ်ခုအဖြစ် အသုံးပြုသည်။ ၎င်းတို့အစ္စရေးနိုင်ငံသို့ရောက်ရှိနိုင်ရန် ဒေသခံ ဘီဒိုးအင်းသဲကန္တာရအာရပ်များက အခကြေးငွေဖြင့် လမ်းပြပို့ဆောင်ပေးသည်ဟုဆိုသည်။

အစ္စရေးနိုင်ငံ၏ မြေပြင်ရှင်းလင်းပြုပြင်ရေး ယာဉ်ယန္တရားများသည် အီဂျစ်နယ်စပ်တစ်လျှောက်တွင် အရံအတားများ တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီဂျစ်နှင့် အစ္စရေးနိုင်ငံနယ်စပ်တစ်လျှောက် အရံအတားများ တည်ဆောက်ရေးလုပ်ငန်းကို အပြီးသတ်ရန် တစ်နှစ်မျှအချိန်ယူရမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၃၇၀ မျှ ကုန်ကျမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။



အစ္စရေးနှင့် အီဂျစ်နယ်စပ်အကြား ချထားသော အရံအတားများကို တွေ့ရစဉ်။

စီမံကိန်းအရ အစ္စရေးနိုင်ငံသည် စစမိုင်ရှည်လျားသော အီဂျစ်နယ်စပ်တစ်လျှောက် သမားရိုးကျအရံအတားများနှင့် အီလက်ထရွန်နစ်နည်းပညာအသုံးပြု ကြိုတင်အချက်ပေးကိရိယာများကို တပ်ဆင်သွားမည်ဖြစ်သည်။ **အမ်အင်အေ။ရိုက်တာ။**

တရားသူကြီးချုပ် ဦးအောင်တိုး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ တက်ရောက်၍ ဆုများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၂

တရားရုံးချုပ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ တရားရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ ဘာသာစုံဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တရားသူကြီးချုပ်ဦးအောင်တိုးက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အား လည်းကောင်း၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မြင့်၊ ဦးမြင့်သိန်း၊ ဦးစန်းတင့်ရီ၊ ဦးချစ်လွင်၊ ဦးမြင့်အောင်၊ ဦးတင်အေး၊ ဦးစိန်လှိုင်၊ ဦးသက်ထွန်း၊ ဦးဟန်ရှိန်နှင့် ဦးကျော်ဝင်းတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ကိုးဦးနှင့် သုံးဘာသာဂုဏ်ထူး ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ ဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူး၊ တန်းစဉ်အလိုက် ပထမဆုနှင့် ဒုတိယဆုတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (စီမံ) ဦးလှအေးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် တရားရုံးချုပ် နေပြည်တော်နှင့် တရားရုံးချုပ် (ရန်ကုန်)တို့မှ တရားရေးဝန်ထမ်းများနှင့် တရားရုံးဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၁၄၈ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၈၆၈၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယင်းနောက် ဘာသာစုံဂုဏ်ထူးရှင် မောင်ချမ်းမြေ့အောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်သြဝါဒါစရိယဆရာတော် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ကိုယ်ကြီးမြှုပ်ကျေးရွာ ကိုယ်ကြီးမြှုပ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော်(၉၂)နှစ် သိက္ခာတော် (၇၂)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတသည် (၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)၊ ၂၂-၁၁-၂၀၁၀ (တနင်္လာနေ့)နံနက် ၅ နာရီ မိနစ် ၃၀တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၈။ အတီးပြိုင်ပွဲ
- ၈း၃၅ ၉။ "ချစ်လွန်းလို့"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၃၅ ၄။ "တက္ကစီမီတာသင်လိုရာ"
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၂၅ ၈။ "ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေဆီသို့"
- ၅း၄၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၀)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်"(ပထမပိုင်း) (အပိုင်း-၉)**
- ၂၀။ "ရုပ်ရှင်ပဟေဠိ"
- ၂၁။ အစီအစဉ်ပြီး၏။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ အသစ်ဆောက်လုပ်မည့် သံဃာ့ဆေးကုသဆောင်အတွက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အလှူငွေကျပ် ၆၀၂၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

(၂၂)ကြိမ်မြောက် မျက်စိဆရာဝန်များ ညီလာခံ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

(၂၂)ကြိမ်မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ချတ်ထရီယမ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မျက်စိဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၏ အဖွင့်မိန့်ခွန်းကို မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်ဝင်းက ဖတ်ကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားပြီး ဧည့်သည်တော်များသည် ညီလာခံခန်းမအတွင်း ခင်းကျင်းပြသထားသော မျက်စိရောဂါနှင့် စပ်လျဉ်းသည့် ပိုစတာများနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းညီလာခံတွင် ဆေးကုမ္ပဏီများမှ ပြခန်း ၁၆ခန်း ပါဝင်ပြသထားရာ တက်ရောက်လာကြသော ဧည့်သည်တော်များက မျက်စိဆေးဝါးများနှင့် မျက်စိခွဲစိတ်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ညီလာခံကို ယနေ့မှ နိုဝင်ဘာ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မျက်စိရောဂါဆိုင်ရာ စာတမ်းပေါင်း ၂၄ စောင်ကို ဖတ်ကြားတင်သွင်းကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်ဝင်း (၂၂)ကြိမ်မြောက် မျက်စိဆရာဝန်များညီလာခံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

Website ဖန်တီးရေးသားလိုသူများအတွက် သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

ယနေ့ ခေတ်ကာလတွင် Internet ၏ အရေးပါမှုများ တိုးတက်လာသည်နှင့် အမျှ စီးပွားရေးလုပ်ငန်းတိုင်းအတွက် Website များ၏ အခန်းကဏ္ဍမှာ အရေးပါလာသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပတွင်လည်း Web Designer များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာသည်။

၎င်းသင်တန်းကို Website တစ်ခုအား ကိုယ်တိုင်အစအဆုံး ရေးသားလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ Web Design တစ်ခုကို စတင်စဉ်းစားသည့် အဆင့်မှစ၍ ကိုယ်တိုင် Website တစ်ခုရေးသားနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့ဦးစားပေးသော သင်တန်းဖြစ်ပြီး ကိုယ်ပိုင် Design ကောင်းများကို ဖန်တီးရေးသားနိုင်စေရန် အတွက်လည်း လိုအပ်သောနည်းပညာများကို Module 4 ခု ခွဲ၍ လက်တွေ့ဦးစားပေးသော ပုံစံဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

Module1 တွင် HTML, CSS, Javascript စသည့် နည်းပညာများကို လည်းကောင်း၊ Module 2 တွင် Adobe Dreamweaver ကိုအသုံးပြု၍ Website တစ်ခုတည်ဆောက်နည်းအဆင့်ဆင့်ကို လည်းကောင်း သင်ကြားပေးသွားမည် ဖြစ်သည်။ Module 3 တွင် Advanced Web Design Techniques များ ဖြစ်သော Flash File များ ပြုလုပ်ခြင်း၊ Interactive File များ ပြုလုပ်ခြင်းနှင့် Animation ပြုလုပ်ခြင်းများကို လည်းကောင်း သင်ကြားပေးမည်ဖြစ်ပြီး Module 4 တွင် ကျောင်းသားများ၏ ကိုယ်ပိုင် Project များ ပြုလုပ်ခြင်းများ ပါဝင်မည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်တွင် ချောမွေ့စွာလုပ်ကိုင်နိုင်စေရန်အတွက် လိုအပ်သော လမ်းညွှန်မှုများ၊ နိုင်ငံတကာတွင် အသုံးများသော CMS Framework များအကြောင်း ဆွေးနွေးမှုများ ပြုလုပ်ပေးမည့် Knowledge Day ကိုပါ စီစဉ်ထားရှိသည်။

၎င်းသင်တန်းကို ကွန်ပျူတာ အခြေခံရှိထားပြီးသူ မည်သူမဆို တက်ရောက်နိုင်ပြီး နိုဝင်ဘာလအတွင်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် (၂၆) (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၄၄၉၆ နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ (H. E. Mr. Bai Enpei)ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Wang Zongying နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဗိုလ်အောင်ကျော်ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့သည် ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ယူနန်ပြည်နယ် ကုန်သွယ်ရေး (စီးပွားရေးလုပ်ငန်း) ရန်ကုန်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

အထက(၄)ကြည့်မြင်တိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယ ပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

အထက(၄) ကြည့်မြင်တိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၈ရက် (စနေနေ့)တွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ကိုစိန်ထွေး ဖုန်း-၀၁-၅၀၀၈၂၈၊ ၀၉-၅၁၁၃၀၈၈၊ မမြင့်မြင့်စန်း ဖုန်း-၀၉-၅၀၃၈၈၂၆၊ စောရှုလမိုခရောင်း ဖုန်း-၀၉-၅၀၀၀၄၇၅၊ ၀၁-၂၁၄၀၇၀၊ မကြည်ကြည်စိန် ဖုန်း-၀၉-၅၀၄၀၈၆၅၊ ၅၂၆၅၀၅၊ ကိုညီညီမြင့်မြတ် ဖုန်း-၀၉-၅၁၈၈၅၁၅၊ ၀၁-၅၁၉၁၃၉၊ မနှင်းသန္တာလှိုင် ဖုန်း-၂၂၇၂၆၉၊ ၂၂၉၇၂၈၊ ကိုနေထွန်းဝမ် ဖုန်း-၀၁-၇၃၀၆၇၇၁၉၊ ကိုဖြိုးထွန်းဇော် ဖုန်း-၀၁-၇၃၀၆၆၉၈၀ နှင့် ကိုစိုးထက် ဖုန်း-၂၁၅၁၇၆၊ ၀၉-၅၁၂၉၁၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဗိသုကာအသင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ယင်းဆွေးနွေးပွဲတွင် ဦးဆန်းဦးက “Green Buildings in Myanmar” ခေါင်းစဉ်အား ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၁-၇၂၃၀၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

First Myanmar Investment Co.,Ltd. နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

First Myanmar Investment Co.,Ltd.(FMI) ၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ FMI Co., Ltd. ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။

FMI Co., Ltd. ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေ First Myanmar Investment Co., Ltd. (FMI) ၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် FMI Co., Ltd. ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေက နှုတ်ခွန်းဆက်စကားပြောကြားပြီး FMI Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစုရှယ်ယာရှင်များနှင့် ဧည့်သည်များ၏ အကြံပြု ဆွေးနွေး မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် FMI Co., Ltd. မှ တာဝန်ရှိသူများက FMI Co., Ltd. ၏ ၂၀၀၉-၂၀၁၀ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာတို့ကို တင်ပြခြင်း၊ FMI Co., Ltd. ၏ ၂၀၁၀-၂၀၁၁ ခုနှစ် အမှုဆောင် ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ခြင်းနှင့် စာရင်းစစ်ခန့်အပ်ခြင်းများကို ဆောင်ရွက်ကြပြီး ဆုံးဖြတ် အတည်ပြုကြသည်။ ယင်းနောက် သဘာပတိ ဦးမောင်မောင်စိုးတင့်က ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

First Myanmar Investment Co., Ltd.(FMI) သည် ရန်ကုန်မြို့တွင် အခြေပြုသည့် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းများသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်သည်။ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများကို ဘဏ္ဍာရေးဝန်ဆောင်မှု ဘဏ်လုပ်ငန်းဆိုင်ရာကဏ္ဍ၊ မော်တော်ယာဉ်လုပ်ငန်းကဏ္ဍ၊ အိမ်ရာ ဖော်ထုတ်တည်ဆောက်ရေး ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်းကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖြန့်ကြက်ရင်းနှီးမြှုပ်နှံထားပြီး FMI ကုမ္ပဏီရှယ်ယာများကို ရန်ကုန်မြို့ရှိ FMI Trading Center တွင် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းထိုက် ယမန်နှစ်က ချန်ပီယံအသင်းများက တံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဖွင့်ပွဲနေ့တွင် သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပပြီး အမျိုးသားပြိုင်ပွဲ၌ ၁၈ သင်းနှင့် အမျိုးသမီးပြိုင်ပွဲ၌ ငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲများကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း သတ်မှတ်ထားသောအချိန်များတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ “အသိပြည့်ဖို့သတိရှိစို့” တရားတော် (ဆရာတော်အရှင်မာဃိန္ဒ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၈၃)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၅၀)**
- ၈:၄၀ မြတ်နိဗ္ဗာန်ဆီသို့ရည်ရွယ်စူး ပဋိစ္စသမုပ္ပာဒ်သင်တန်းထူး
- ၉:၀၀ Activities in The City (Raffles Education Corporation မှကျင်းပသောWorkshop)
- ၉:၁၅ ထာဝရကုသိုလ်
- ၉:၂၅ Cartoon Show Time (James And The Giant Peach)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “အချစ်လားလာထား”
- ၁၀:၃၀ Celebrity Style (သင်ဇာဝင့်ကျော်)
- ၁၁:၀၀ International Show Biz
- ၁၁:၁၅ ခရီးသွားတို့အတွက် April Star ခရီးသွားမဂ္ဂဇင်း
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ် “ဒဏ္ဍာရီထဲကမေား”(အပိုင်း-၃၂)
- ၁၂:၀၅ သင်ကြားရေးလမ်းညွှန် (Nexus English School)
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Orange Super Market ၏ Korea Food Fair 2010)
- ၁၂:၃၅ အထက(ကညွတ်ကွင်း)၏ ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ
- ၁:၀၀ “အသိပြည့်ဖို့သတိရှိစို့” တရားတော် (ဆရာတော်အရှင်မာဃိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၅ Wedding Season (Part-5)
- ၃:၀၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
- ၃:၁၀ ပခုက္ကူမြို့ ရွှေကူမြတ်စွာဘုရား လှည့်လည်အပူဇော်ခံပွဲ
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၈၃)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၅၀)**
- ၅:၀၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ် “ဒဏ္ဍာရီထဲကမေား”(အပိုင်း-၃၂)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Korea Entertainment Expo 2010 Bangkok, Thailand
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၈၄)**
- ၇:၂၀ Celebrity Choice (ဥက္ကာဦးသာ၊ ရှင်ဖုန်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးဒီပါ)
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၅၀)**
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ် နည်းလမ်းများ(ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၁၀:၅၅ စာအုပ်ပြခန်း (သားသားမီးမီးတို့ဖြစ်တတ်သော ရောဂါများစာအုပ်ရေးသားသူ ဒေါက်တာခင်မျိုးဟန်နှင့် တွေ့ဆုံခြင်း)
- ၁၁:၁၅ ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
- ၁၁:၅၀ ဆေးဖက်ဝင်ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
- ၁၁:၅၅ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
- ၁၂:၃၀ သိ. . . တတ်စေသော် (အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် သင်တန်းဆင်းများ)
- ၁:၂၅ World of Knowledge (Mega Fish)
- ၂:၁၅ မြန်မာ့လက်မှုယွန်းအနုပညာ
- ၂:၃၅ Shooting Location (Olympic Tower မှရိုးခန်း)
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ ရင်သွေးငယ်များ ကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
- ၄:၂၀ ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (EFR ရော်ဘာစက်ရုံ)
- ၄:၄၅ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ ကိုယ်စားလှယ်အဖွဲ့တို့ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီတွင် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပသည့် မဏိရတနာကျောက်စိမ်း ခန်းမသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ပြည်တွင်းရတနာကုမ္ပဏီများ၏ ကျောက်မျက်ရတနာအရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့အတူ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြည်တွင်း ကျောက်မျက်ကုမ္ပဏီများ၏ ကျောက်စိမ်းအတွဲများကို ယနေ့ နံနက်ပိုင်းမှ စတင်၍ တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲပေါင်း ၁၅၅၂ တွဲ ရောင်းချရကြောင်း သိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပသည့် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၏ တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုနှင့် ပြည်တွင်းရတနာကုမ္ပဏီများ၏ ကျောက်မျက်ရတနာ အရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၏ တင်ဒါပုံးအတွင်း ထည့်သွင်းထားသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကြသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၇-၁၉၇၁ ပညာသင်နှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ည ၇ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ရှိ Western Park II Restaurant ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးလှငြိမ်း ဖုန်း-၀၉-၅၀၆၇၁၆၅၊ ဦးခင်မောင်မြ ဖုန်း-၅၄၁၅၄၅၊ ဒေါ်ခင်စိုးရည် (ကျိုက္ခမီ) ဖုန်း-၀၉-၅၁၄၂၀၇၇၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၁၆၅၂၄၈ နှင့် ၀၉-၅၁၈၀၅၁၇၊ ဒေါ်ရီတာမြင့် ဖုန်း-၀၉-၅၀၀၆၁၉၂၊ ဦးစိုင်းသန်းဝင်း ဖုန်း-၇၃၀၃၃၅၆၅၊ ဦးစိုးဝင်းဦး ဖုန်း-၀၉-၈၆၁၉၉၂၉၊ ဦးရစ်ချတ်သန်းဦး ဖုန်း-၀၉-၅၁၂၃၁၀၅၊ ပဲခူးဦးသန်းဦး (မဏ္ဍိုင်) ဖုန်း-၀၉-၅၀၀၈၉၈၈၊ ဦးတင်ဝင်း (မိုးမိတ်) ဖုန်း-၀၉-၅၁၂၇၆၈၆၊ ဦးဝင်းမြိုင် ဖုန်း-၀၉-၅၁၂၂၆၅၁နှင့် ဦးရဲမြင့် ဖုန်း-၀၉-၅၀၄၈၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

KMD မှ ဆောင်းရာသီ အထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

KMD က "ဆောင်းရာသီအထူးဈေးရောင်းပွဲတော်" ကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ Strand Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အထူးအစီအစဉ်အနေဖြင့် အသစ်စက်စက် တစ်နှစ်အာမခံချက်ပါရှိသော Prolink 16" LCD (LED Backlit) ကို ငွေကျပ် ၇၉၀၀၀ ဖြင့် တစ်ဦးလျှင် တစ်လုံးနှုန်းရောင်းချပေးခြင်း၊ ကွန်ပျူတာအသုံးပြုသူတိုင်း မရှိမဖြစ် လိုအပ်မည်ဖြစ်သော ငွေကျပ် ၆၅၀၀ တန် 2GB Pen Drive ကို (60%) လျှော့ချ၍ ငွေကျပ် ၃၀၀၀ ဖြင့် ညနေ ၄ နာရီတွင် မဲနှိုက်ရောင်းချပေးခြင်းအပြင် နာမည်ကြီးအိတ်ကုမ္ပဏီ Dicota မှ ချုပ်လုပ်သော ငွေကျပ် ၁၅၀၀၀ တန် NEC Notebook Bag များကို ငွေကျပ် ၃၀၀၀ ဖြင့် နံနက် ၁၁ နာရီတွင် မဲနှိုက်ရောင်းချပေးခြင်း၊ Lenovo G460L Notebook (P6100 2.0 GHz, 1GB RAM, 320GB HDD) ကို ငွေကျပ် ၃၉၀၀၀၀ ဖြင့် ရောင်းချပေးခြင်း၊ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချထားသော HP Printer, Microlab Speakers, Keyboard, Mouse, DVD Writer, Head Phone, External Hard Disk များကို Amazing Sales အစီအစဉ်အနေဖြင့် မွန်းတည့် ၁၂ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီခွဲတွင် တစ်ကြိမ် ရောင်းချပေးခြင်း၊ ငွေကျပ် တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသူများကိုလည်း HP Printer, Microlab Speakers, Logitech Wireless Mouse, Discount Coupon စသော တန်ဖိုးကြီး ဆုမဲများပါဝင်သည့် ပစ္စည်းများကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသစ်ထွက်ရှိလာသော ပစ္စည်းအသစ်အဆန်းများကိုလည်း ပြသသွားမည်ဖြစ်ပြီး CDMA / GSM Mobile Phone SIM Card များဖြင့် တွဲဖက်၍ အင်တာနက်အသုံးပြုနိုင်သော 3G Modern များ၊ အိမ်တွင်းအသုံးပြုနေသော မီးကြိုးလိုင်းများမှတစ်ဆင့် Network ချိတ်ဆက်ကာ Wireless Network ပြန်လည်ထုတ်လွှင့်နိုင်သော Powerline Wireless-N Extender၊ ငွေကျပ် ငါးသိန်းအောက် ရောင်းချပေးမည့် Graphic စွမ်းဆောင်ရည်မြင့် Lenovo Notebook အသစ်များအပြင် Apple မှ iPad, MacBook Pro၊ နောက်ဆုံးအသစ်ထွက်ရှိသော MacBook Air တို့ကို ပြသရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် Microsoft Windows 7 အသုံးပြုနိုင်သော Prolink Tablet PC (Slate) ကိုလည်း ငွေကျပ် ၄၉၀၀၀၀ ဝန်းကျင်ဖြင့် ပြသရောင်းချပေးသွားမည် ဖြစ်သည်။ KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ၂၀ ရာခိုင်နှုန်း၊ International Diploma သင်တန်း (IDCS)ကို သင်တန်းကြေး သုံးသောင်း လျှော့၍ လက်ခံပေးသွားမည့်အပြင် ကွန်ပျူတာနှင့်ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း ခင်းကျင်းရောင်းချပေးမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sales & Service Centre ဖုန်း-၅၀၃၅၂၂၊ ၃၈၅၁၇၇၊ ၅၀၂၂၄၄နှင့် ၅၀၃၅၁၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရိုင်အဆင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးနှင့် ထူးချွန်သူများ ထွက်ပေါ်ရေး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်က အထက(၂) သန်လျင် ရတနာခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးသိန်းစံအောင် အမှာစကား ပြောကြားစဉ်။

(၅၂၇)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး) များနှင့်တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကို အားပေးစကားပြောကြားသည်။

ထို့နောက် မိတ္ထီလာပညာရေးကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး အမျိုးသားပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် ကျောက်ဆည်တက္ကသိုလ်တို့သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များနှင့် တွေ့ဆုံ၍ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကို အားပေးစကားပြောကြားသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေး အဝေးသင်တက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာသင် တက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ အမျိုးသားပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာချန်ဝူးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ *(သတင်း-ကျော်ဖုံး)* (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ယင်နန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် ခရိုင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယုဇနကုမ္ပဏီအုပ်စုနှင့် Yunnan Construction Engineering Group ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မြစ်ကြီးနား-ပန်ဆောင်လမ်းဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ညနေပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းနှင့် ယုဇနကုမ္ပဏီအုပ်စုနှင့် Yunnan Construction Engineering Group ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ရှုံချင်းဟွာက လက်မှတ်ရေးထိုးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယုဇနကုမ္ပဏီအုပ်စုဥက္ကဋ္ဌနှင့် Yunnan Construction Engineering Group ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ယုဇနကုမ္ပဏီအုပ်စုဥက္ကဋ္ဌနှင့် Yunnan Construction Engineering Group ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က မြစ်ကြီးနား-ပန်ဆောင်လမ်း ဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းက ဧည့်သည်တော် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ယင်နန်နှင့် ကိုယ်စားလှယ်အဖွဲ့ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဆေးဘက်ဆိုင်ရာ သုတေသနနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ ဘာသာရပ်အကြောင်း ဆွေးနွေးဟောပြောမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ဆေးပညာဆိုင်ရာ ဘာသာရပ်များဖြစ်သော Master of Sciencein Clinical Research နှင့် Master of Health Administration အကြောင်း ဆွေးနွေးဟောပြောပွဲကို CROWN Education နှင့် ICRI Global Research တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် နိုဝင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ Associate Professor, Dr. Balbir Singh က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရန် လေ့လာသင်ယူသင့်သည့် အဆိုပါ ဘာသာရပ်၊ ဘွဲ့များအကြောင်းနှင့် ယင်းဘွဲ့များကို ချီးမြှင့်မည့် အမေရိကန်တက္ကသိုလ် Medical University of South Carolina အကြောင်းကိုပါ ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ယင်းဘာသာရပ်များကို စင်ကာပူ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့၌ သွားရောက်သင်ယူလေ့လာနိုင်ရန် CROWN Education က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဘာသာရပ်နှစ်မျိုးလုံးမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ပထမစာသင်နှစ်အတွက် စင်ကာပူ Campus သို့မဟုတ် အင်္ဂလန်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ ဒုတိယစာသင်နှစ်အတွက် စင်ကာပူ သို့မဟုတ် အင်္ဂလန် သို့မဟုတ် အမေရိကန်တွင် တက်ရောက်ရန် ရွေးချယ်နိုင်သည်။

သူနာပြု၊ ဘိုင်အိုလိုဂျီ၊ ဆေးဝါးကျွမ်းကျင်၊ ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ Paramedical စသည့် ဘာသာရပ်များဖြင့် ဘွဲ့ရထားသူ မည်သူမဆို လျှောက်ထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက်လည်း ICRI နှင့် ချိတ်ဆက်ထားသည့် ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ICRI သည် ဆေးဘက်ဆိုင်ရာ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်္ဂလန်နှင့် စင်ကာပူတို့၌ ရုံးချုပ်ထားရှိကာ ဆေးပညာဆိုင်ရာ သုတေသန၊ ပညာရေးနှင့် စီမံခန့်ခွဲမှုများကို မာစတာအဆင့်အထိ သင်ကြားပို့ချပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ CROWN Education Office, Summit Parkview Hotel ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ-၂၂၈)နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ အပေါက်များ၊ လှိုင်းများ၊ ချိုင့်ခွက်များ မရှိစေရေးအတွက် မြို့မ (၂) ရပ်ကွက် တပင်ရွှေထီးလမ်း ကတ္တရာဖြင့် လမ်းပေါက်ဖာခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကေတုမတီ (တောင်ငူမြို့) မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်လှော်ခတ်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကေတုမတီ(တောင်ငူမြို့) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲနှင့် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက်မွန်းလွဲပိုင်းတွင် တောင်ငူမြို့ လေးကျွန်းမင်္ဂလာကန်တော်ကြီး၌ ကျင်းပသည့် ကေတုမတီ(တောင်ငူမြို့) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်လှော်ခတ်မှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက (၃)တက်၊ (၅)တက်နှင့် (၇)တက် လှေလှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသည့် အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် (၉)တက် လှေလှော်ပြိုင်ပွဲတွင် တတိယဆုရ သာယာဝတီခရိုင်(က) အသင်းနှင့် ဒုတိယဆုရ တောင်ငူခရိုင် (က)အသင်းတို့အား ငွေသားများကို လည်းကောင်း၊ ပထမဆုရ တောင်ငူခရိုင်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်၍ ပြိုင်ပွဲဝင်အသင်းများနှင့် လာရောက်ကြည့်ရှုအားပေးကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဗိုလ်ချုပ်လှမင်းသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကေတုမတီ (တောင်ငူမြို့) မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသည့် မဟာသီရိဇေယျသူရဘွဲ့ခံ မင်းကြီးညိုရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပွဲတော် ကျင်းပရေးဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ပွဲတော်ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင်များက မင်းကြီးညိုရုပ်တုကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် မင်းကြီးညို၏ အတ္ထုပ္ပတ္တိမှတ်တမ်းသမိုင်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဝင်များက အတ္ထုပ္ပတ္တိမှတ်တမ်းသမိုင်း မော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အတ္ထုပ္ပတ္တိ မှတ်တမ်းသမိုင်းမော်ကွန်းကြေးပြားကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကေတုမတီ (တောင်ငူမြို့) မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့်အထိမ်းအမှတ် အောင်နန်းတံခါးမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းက အောင်နန်းတံခါးမုခ်ဦး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်သည်။

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ငူမြို့ လမ်းမကျယ်ထိပ်ရှိ ဗဟိုမဏ္ဍပ်သို့ ရောက်ရှိပြီး ကေတုမတီ (တောင်ငူမြို့) မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဝင်းခင်းအဖွဲ့များဖြင့် မြို့တွင်းလှည့်လည်မှုအစီအစဉ်ကို ကြည့်ရှုအားပေးပြီး ကေတုမတီ (တောင်ငူမြို့) မြို့တည် နန်းတည် နှစ် (၅၀၀)ပြည့် အထိမ်းအမှတ် စင်တံခါးမုခ်ဦး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပွဲတော်ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက စင်တံခါးမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းသည် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ စင်တံခါးမုခ်ဦးအား ဖြတ်သန်းကြည့်ရှုပြီး တော်ဝင်ကေတုမတီဟိုတယ်၏ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသော ကေတုမတီ(တောင်ငူမြို့) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌက အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ကယားပြည်နယ်၏ အမှတ်တံဆိပ် မြို့ကျက်သရေဆောင် စေတီများဖြစ်သည်။ တောင်တံတိုင်းများ ကာရံထားသော အလယ်တွင် တည်ရှိသည့် မြို့ကလေးကို တောင်ကွဲစေတီတော်ပေါ်မှ ကြည့်ရှုလျှင် တစ်မြို့လုံးကို ခြုံငုံမြင်နေရသည့် မြင်ကွင်းမှာ အလွန်သာယာလှပပေသည်။ သန့်ရှင်းသပ်ရပ်နေသော လမ်းများနှင့် စနစ်တကျဆောက်လုပ်ထားသော အိမ်များက ဓာတ်ပုံဆရာတို့အတွက် မှတ်တမ်းတင်လို့ မဆုံးဖြစ်ရသည့် ရှုမြင်ကွင်းပင်ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်မှ ပေ ၂၉၅၀ တွင် တည်ရှိနေသော တောင်ပေါ်မြို့လေးဖြစ်သည့် လွိုင်ကော်မြို့တွင် သဘာဝ ရေတံခွန်စခန်းနှင့် သဘာဝ ရေကန်များစွာလည်း တည်ရှိနေသည်။ လွိုင်ကော်မြို့ တောင်ဘက် ၁၄ မိုင်ခန့်အကွာတွင် တည်ရှိသော သဘာဝရေကန်များမှာ ဒွေးမယ်နော် ငွေတောင်ပြည်သို့ ပြန်ခန်းဇာတ်လမ်း၌ ပါရှိသည့် ငွေတောင်ပြည်ဘုရင်၏ အငယ်ဆုံးသမီးတော် ဒွေးမယ်နော်နှင့် ကိန္နရီညီအစ်မခုနစ်ဖော်တို့ ရေကစားရာ ရေကန်များဟု ကယားလူမျိုးတို့က ယုံကြည်ကြ၏။ ဆက်၍ ၅ မိုင်ခန့်အကွာတွင် မြန်မာနိုင်ငံကို အလင်းရောင်ပေးနေသော ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း စက်ရုံကြီးတည်ရှိရာ လောပိတတောင်ပေါ်စခန်းမြို့ကလေးလည်း ရှိလေသည်။ သဘာဝ ရေတံခွန်စိမ့်စမ်းနှင့် နောင်ရမ်းကန်၊ ထေးငါးလျားကန်၊ ရှမ်းပြည်နယ် အင်းလေးကန်မှ စီးဆင်းလာသော ဘီလူးချောင်း၊ ငွေတောင်ဆည်နှင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အစပ်ရှိ ဖယ်ခုံအင်းကြီးတို့ကြောင့် ရာသီမရွေး သုံးရေသောက်ရေ ပြတ်လပ်ခြင်းမရှိ၊ ဖောဖောသီသီ သုံးစွဲနိုင်သည်။ သဘာဝက ပေးသော ရေအရင်းအမြစ်များကို ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနက အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် အမှတ်(၁) မိုင်းလုံးရေစက်ရုံ၊ အမှတ်(၂) ဥတ္တရာရုံ ရေစက်ရုံ၊ ဒေါ်ဥခူရေစက်ရုံ၊ နမ့်ကွတ် ရေစက်ရုံတို့ဖြင့် ရေစက်ရုံ လေးရုံနှင့် ဂါလန်သုံးသိန်းဆံ့ ရေလှောင်ကန်တို့ကို တည်ဆောက်ခဲ့ကာ နေ့စဉ် ရေဂါလန် ၁၅ ဒသမ ၆ သိန်းကို ပေးဝေလျက်ရှိသည်။ လွိုင်ကော်မြို့ရှိ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၅၇၀၆ ရှိ လူဦးရေ ခြောက်သောင်းကျော်အတွက် ၁၄ လက်မ၊ ၁၂ လက်မ၊ ၁၀ လက်မ၊ ရှစ်လက်မ၊ ခြောက်လက်မ၊ လေးလက်မ၊ သုံးလက်မ ရေတင်ပိုက်ရေဖြန့်ပိုက်တို့ဖြင့် စုစုပေါင်း ပေ ၁၂၃၄၂၀ ကျော် ဆက်သွယ်ပေးပို့လျက်ရှိပြီး အိမ်သွယ်ရေတိုင်ပေါင်း ၃၀၀၀ နီးပါးအနက် ရေမီတာ တပ်ဆင်ပြီးစီးမှုမှာ ၂၈၀၀ ကျော်ရှိသွားပြီ ဖြစ်သည်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများ ပညာရှာမှီးရာ နည်းပညာတက္ကသိုလ်(လွိုင်ကော်)။

ထို့ကြောင့် လွိုင်ကော်မြို့လေးသည် အချို့သော ကုန်းမြင့်ဒေသမှာကဲ့သို့ ရေရရှိမှု အခက်အခဲနှင့် ကြုံတွေ့ရမှု မရှိပေ။ နံနက် ဝေလီဝေလင်း အရုဏ်တက်စအချိန်တွင် အားကစား လေ့ကျင့်သူများ၊ ကျန်းမာရေး လိုက်စားသူတို့အတွက် သဘာဝရေကန်များ၊ ပန်းခြံများနှင့် ရှုမျှော်ခင်းများသည် မွန်းကျပ်သော မြို့ပြ လူနေထိုင်မှုများနှင့် လွန်စွာမှ ခြားနားလှသည်။ လမ်းများ၊ လူသွားစင်္ကြံများ သန့်ရှင်းသပ်ရပ်လှသည်။ ပန်းပေါင်းစုံတို့ ပွင့်ဖူးပေါက်ရောက်နေကြပြီး သက်တမ်းရင့် ညောင်ပင်ကြီးများကို နေရာအနှံ့ တွေ့ရှိရသည်။ မြို့ကို ဖြတ်သန်းစီးဆင်းနေသော ဘီလူးချောင်းသည်လည်း မြို့ပြများရှိ ချောင်းများနှင့် ကွာခြားနေပြီး ကြည်လင်သန့်ရှင်းလို့နေသည်။ လူဦးရေ နည်းပါးသည့်အတွက် သုံးစွဲသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နည်းပါးခြင်း၊ စည်းကမ်းမဲ့ သစ်ခုတ်မီးရှို့မှုများ နည်းပါးခြင်းတို့ကြောင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာလည်း လွန်စွာမှ နည်းပါးလွန်းပြီး အခြားသော တောင်ပေါ်မြို့ပြများနှင့်မတူ ကျန်းမာရေးနှင့် ညီညွတ်လှပနေသည့် မြို့တစ်မြို့လည်း ဖြစ်သည်။ သာယာလှပ၍ ရိုးသားသော လူမျိုးများ၊ ချစ်စရာ့ ဓလေ့စရိုက်များကြောင့် မွေးရပ်မြေမိခင်ဒေသသို့ မပြန်နိုင်ဘဲ အခြေချနေထိုင်နေကြသောကိုရွှေညှေ့သည်တို့လည်း ရှိကြသည်။ မြေလတ်ဒေသ၊ အညာဒေသတို့မှ လာရောက် တာဝန်ထမ်းဆောင်ရင်း ငြိမ်းအေးသာယာနေသည့် မြို့ပြလေးကို ဖက်တွယ်ကာ လွိုင်ကော်ကို ဇာတိမြေအလား သတ်မှတ်နေထိုင်သူများလည်း ရှိကြပေ၏။

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် မြို့တွင်းလမ်း ကောင်းမွန်လှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ရှင်းပြစဉ်။

ချစ်စရာ့ ကယားတို့၏ ဒေသသည် ကုန်းမြင့်ဒေသများ၏ သာယာလှပမှုများအနက် ရှမ်းကုန်းပြင်မြင့်များဆီမှ မြို့ပြများ၏ သာယာလှပမှု၊ ချင်းတောင်တန်းကြီး၏ သာယာလှပမှု၊ မြောက်ဘက် ကချင်ပြည်နယ်ရှိ ရေခဲတောင်များ၏ သာယာလှပနေမှုတို့တွင် ကန္ဒရဝတီ ငွေတောင်ပြည်၏ အလှအပမှာလည်း တစ်မျိုးတစ်ဖုံ ထူးခြားလှပလို့နေသည်။ မြို့ဧရိယာ ကျဉ်းမြောင်း၍ နေထိုင်သည့်လူဦးရေ နည်းပါးသော်လည်း ပတ်ဝန်းကျင်ဒေသများမှ အခြေချ လာရောက်နေထိုင်မှု၊ တာဝန်ဖြင့် လာရောက် အမှုထမ်းကြသော အစိုးရဝန်ထမ်းများကြောင့် စည်ကားလာနေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ လွိုင်ကော်-ရန်ကုန်နေ့စဉ်ပြေးဆွဲနေသော ယာဉ်လိုင်းလေးလိုင်းခန့် ရှိလာပြီဖြစ်ပြီး လွိုင်ကော်-မန္တလေး၊ လွိုင်ကော်-ရှမ်းပြည်နယ် ခရီးစဉ်များသည်လည်း နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာလို့နေကြသည်။ လေယာဉ်ခရီးဖြင့်လည်း လာရောက်နိုင်ပြီး ကုန်းလမ်းခရီးအားဖြင့် လွိုင်ကော်-တောင်ကြီး-သာစည်-ရန်ကုန်လမ်း၊ လွိုင်ကော်-မိုးဗြဲ-ကလော - သာစည် - ရန်ကုန်လမ်း၊ လွိုင်ကော်-ခဲမဖြူ-မော်ချီးမိုင်း-တောင်ငူ-ရန်ကုန်လမ်းနှင့် လွိုင်ကော်-ယာသို-လိပ်သို-တောင်ငူ-ရန်ကုန်လမ်းတို့ဖြင့် ဆက်သွယ်သွားလာနိုင်သည်။ ထို့အပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကလည်း အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအရ ဒေသချင်းဆက်ရထားလမ်းကွန်ရက်များဖြစ်သော အမျိုးသားမီးရထားလမ်းကွန်ရက်တွင် ပါဝင်သည့် တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်း မိုင် ၁၅၀ စီမံကိန်းကိုလည်း အကောင်အထည်ဖော်သွားဦးမည်ဖြစ်ရာ မကြာမီကာလအတွင်း လွိုင်ကော်မြေသည် ယခုထက် ပိုမိုတိုးတက်စည်ပင်သာယာလာမည်ဖြစ်ပါသည်။ ။

လွိုင်ကော်မြို့တွင်းရှိ နာရီစင်၊ ပန်းအလှပင်များ၊ လမ်းနှင့် သပ်ရပ်လှပသော မြင်ကွင်းကို တွေ့ရစဉ်။

23-11)09.pmd 1 11/23/2010, 4:12 AM

နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့နယ် ကိုယ်ကြီးမြှုပ်ကျေးရွာ ကိုယ်ကြီးမြှုပ်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ကွေ့တက်အုပ်စု အင်တိုင်းရွာ ခမည်းတော် ဦးအောင်ဆေး၊ မယ်တော် ဒေါ်ရွှေမှုံတို့မှ ၁၂၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (ကြာသပတေးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာတစ်ပါး ဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ် တပို့တွဲလတွင် ကွေ့တက်ကျောင်း ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၀ ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကွေ့တက်ကျောင်းဆရာတော် ဦးကေသရကိုပင် ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့ ထန်းရင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ ပညာ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇနိယတို့ထံ ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သဲကုန်းမြို့နယ်အတွင်း၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချသင်ကြားနိုင်အောင် ဆောင်ရွက်ခဲ့ခြင်း၊ အဘိဓမ္မာစာမေးပွဲများဖြေဆိုနိုင်အောင် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တို့အား ၂၁ နှစ်တိုင်တိုင် သင်ကြားပို့ချပေးခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်၌ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ တာဝန်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်တို့၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ နိုင်ငံတော် သြဝါဒါစရိယအဖြစ် လည်းကောင်း သာသနာရေးဆိုင်ရာကိစ္စများကို အားပေးဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၆၆ ခု (၂၀၀၅) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂)ဝါအရ ၁၃၇၂ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂၂-၁၁-၂၀၁၀ (တနင်္လာနေ့) နံနက် ၅ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

BCB Centre မှ စီမံခန့်ခွဲမှု သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကျောင်း (Business Capacity Building (BCB) Centre မှ Essential Knowledge on Banking & Finance သင်တန်းနှင့် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်း အပိုင်း(၂) Business Management Course Part(II) သင်တန်းကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

Essential Knowledge on Banking & Finance သင်တန်းကို ငွေကြေးနှင့် ဘဏ်လုပ်ငန်းအကြောင်း စိတ်ဝင်စားသူများ၊ ဘဏ်လုပ်ငန်း၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ဘဏ်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော မန်နေဂျာအဆင့်အထိ ဝန်ထမ်းများအတွက် ရည်ရွယ်ဖွင့်လှစ်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းအဆင့်ဆင့် လုပ်ဆောင်မှုကို သင်တန်းကာလအတွင်း ပို့ချမှုခံယူခြင်းဖြင့် အခြေခံဘဏ်လုပ်ငန်းအကြောင်း ပြည့်စုံပိုင်နိုင်စွာ သိရှိပြီး ဘဏ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂) Business Management Course Part(II) သင်တန်းတွင် Economics, Introduction to Business Law, International Business Management, Human Resource Management, Business Communication and Industrial Management ဘာသာရပ်ခြောက်ခုကို သင်ကြားမည်ဖြစ်သည်။

သင်ကြားမှုတွင်လည်း ဘာသာရပ်ဆိုင်ရာနယ်ပယ်မှ အတွေ့အကြုံရှိ ဝါရင့်ဆရာ၊ ဆရာမများနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများက စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင် အခက်အခဲများအား ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်းလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုများကို လေ့ကျင့်မှုပြုလုပ်ပေးခြင်း၊ သင်ကြားသော ဘာသာရပ်များနှင့်ဆိုင်သော ဝက်ဘ်ဆိုက် (Website) များလေ့လာနိုင်ရန် အင်တာနက် အခမဲ့ သုံးစွဲခွင့်ပေးမည်ဖြစ်ပြီး သင်တန်းများလေ့လာရန် လိုအပ်သော စာအုပ်များ (Reference)ကို ထားရှိပေးထားမည် ဖြစ်သည်။

သင်တန်းကြေးကို သက်သာစွာ သတ်မှတ်ထားပြီး တက်ရောက်သူများ အဆင်ပြေစေရန်အတွက် သင်တန်းအချိန်ကို စနေနှင့် တနင်္ဂနွေနေ့များတွင် စီစဉ်ထားသည်။ သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကိုလည်း ကန့်သတ်ထားကြောင်း သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် ဖုန်း-၅၃၈၅၃၀ BCB Centre အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ E-mail: bcbcentre@mptmail.com.mm, bcbcentre009@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၈)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	မွေးမြူသုတ
	၂၁။	ဟာသရုပ်စုံ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၇)**
	၂၄။	Mini Series
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

အထက(၂)မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

အထက(၂) မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)တွင် ၁၉၇၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများအား ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဂါရဝပြုပူဇော်မည်ဖြစ်ပါ၍ အလှူငွေများ လှူဒါန်းလိုပါက အထက(၂) မင်္ဂလာဒုံ ဖုန်း-၀၁-၆၃၅၃၈၅၊ ဦးစိုးဝင်း ဖုန်း-၀၁-၇၃၀၂၄၂၃၅၊ ဦးဆန်နီ ဖုန်း-၀၁-၆၄၁၆၆၈၊ ဒေါက်တာထက်အောင်ကျော် ဖုန်း-၀၉-၅၀၃၀၅၅၆၊ ကိုစုလွင် ဖုန်း-၀၁-၆၀၀၆၃၊ ဝဏ္ဏထင်ဇော် ဖုန်း-၀၉-၅၀၃၇၄၃၇၊ ကိုရဲမင်းမောင် ဖုန်း-၀၁-၇၃၀၆၂၀၀၃၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၀၉-၈၀၂၁၄၃၉၊ ဒေါ်မိုးစပယ် ဖုန်း-၀၁-၆၅၃၅၉၁၊ ဒေါ်စမ်းစမ်းအေး ဖုန်း-၀၉-၅၁၇၉၈၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်

မုံရွာမြို့ ဗိုလ်ချုပ်လမ်း (သာစည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ) အား ကတ္တရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁ ရက်တွင် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ (အင်ဂျင်နီယာမှူး) ဦးသင်းမင်းလတ် ကွင်းဆင်းစစ်ဆေးရာ (လမ်းတာဝန်ခံအင်ဂျင်နီယာ) အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



အောင်လံမြို့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် တရော်ကုန်းရပ်ကွက် ခန်းမလမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းအား မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ (၅)လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက္ကော်-သိမ်ဆိပ် တိုက်နယ်တွင်းရှိ မူလတန်းကျောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်-သိမ်ဆိပ် တိုက်နယ် အတွင်းရှိ မူလတန်းကျောင်းများမှ အသက်(၆၀)နှင့် အထက် ဆရာကြီး၊ ဆရာမကြီး ၉၃ ဦးအား တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ရန်နှင့် အဝေးရောက် ကျောင်းသား၊ ကျောင်းသူများကိုလည်း အသိပေး ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

heart
Curtain, Sofa, Furnitures
KTV Room Sound Proof

ဘားအံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ဘားအံမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းတည်ရာ မြရတနာကျောင်း ရွှေကြက်ယက်ကျောင်းဝင်း ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချို(၂) ရပ်ကွက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ ဒီဇင်ဘာ ၄ ရက် နောက်ဆုံးထားပြီး အမှုဆောင်များထံ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းနှင့် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဗိုလ်မှူးဆောင်ဆန်း (တပ်မတော်ရေငြိမ်း) ဖုန်း-၀၉-၅၁၇၄၀၅၈၊ ဆရာငြိမ်း (ခ)ဦးစောကျော်ငြိမ်း ဖုန်း-၀၉-၅၀၀၂၁၂၄၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးစောမောင်မောင်ဦး ဖုန်း-၀၉-၈၀၃၁၂၇၆၊ ဦးညဏ်ဝင်း ဖုန်း-၀၉-၅၀၃၁၁၃၀၊ ဦးစောကျင်ပိုင် ဖုန်း-၀၉-၅၀၁၁၂၂၈၊ ဒေါ်ခင်မေသိန်းဖုန်း-၀၁-၅၀၃၆၅၉၊ ဒေါ်နန်းအေးအေးမိုး ဖုန်း-၀၁-၅၀ ၄၂၈၅နှင့် ဦးချိုကြီး ဖုန်း-၀၉-၅၀၁၀၇၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အခမ်းအနားသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ဘားအံမြို့နယ်သူ၊ မြို့နယ်သားများ အားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ငွေကြယ်စင်မော်တော်ယာဉ်ထုတ်လုပ်ရေး

အီဒင်ဇယ်ကိုးနှင့် ဒယ်နီအဲလ်ဗက်စ်တို့ကို ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း ပစ်မှတ်ထားလာ

လန်ဒန် နိုဝင်ဘာ ၂၂

ဆန်းဒေးမစ်ရာ၏ သတင်းတစ်ရပ်အရ ဝုဖ်ဘတ်အသင်းမှ အီဒင်ဇယ်ကိုးနှင့် ဘာစီလိုနာအသင်းမှ ဒယ်နီအဲလ်ဗက်စ်တို့မှာ ကစားသမားများ ခေါ်ယူရာတွင် ငွေကြေးအလွန်အကျွံ သုံးစွဲနေသည့် မန်ချက်စတာစီးတီးအသင်း၏ ပစ်မှတ်များ ဖြစ်နေသည်။

အဆိုပါ ကစားသမားများ ခေါ်ယူရန်အတွက် မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီက ဂယ်ရီကွတ်၊ ဘရိုင်ယန်မာစုနှင့် ဂရေဟမ်ဝေါလေ့စ်တို့နှင့် အတူ အစည်းအဝေး ပြုလုပ်ခဲ့သော်လည်း မန်စီနီရဲ့ အနာဂတ်အတွက်တော့ မဆွေးနွေးခဲ့ဘူးဆိုတာ သိသာပါတယ်။

ပရီမီယာလိဂ်မှာ အဆင့်လေးနေရာမှာရောက်ရှိဖို့နဲ့ ချန်ပီယံလိဂ်မှာ တစ်နေရာရဖို့အတွက် သူ့ကို ဇန်နဝါရီလမှာ ငွေကြေးအမြောက်အမြား သုံးစွဲဖို့ရန်သာ ဖြစ်ပါတယ်။ ဒီလိုသုံးစွဲမှုဟာ ရောဘတ်တိုရဲ့ တည်မြဲမှုပေါ် နောက်ပိုင်း မူတည်ပါလိမ့်မယ်။ သူ့ရဲ့အနာဂတ်အတွက်ကတော့ ဆွေးနွေးမယ့်အကြောင်းအရာမှာ မပါသလို ဆွေးနွေးတဲ့ အဓိကမှာလည်း မပါခဲ့ပါဘူးလို့ မန်ချက်စတာစီးတီး အတွင်းလူတစ်ဦးက မစ်ရာကိုပြောခဲ့ပါတယ်။

အသင်း၏ ပိုင်ဆိုင်မှုအပါအဝင် ငွေရေးကြေးရေး ကိစ္စရပ်များနှင့် အသင်း၏ ဆက်လက်တိုးတက်မှု အစီအစဉ်များကို ဆွေးနွေးရန်အတွက် အစည်းအဝေးပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ရောဘတ်တိုကိုယ်တိုင် သိပြီးသားဖြစ်တဲ့ ဇန်နဝါရီလအတွက် အပြောင်းအရွှေ့ ငွေကြေးသုံးစွဲမှုအကြောင်းလည်း ဆွေးနွေးပွဲမှာပါခဲ့ပါတယ်။ အကယ်၍သူ့ရဲ့ တည်မြဲမှုကို ခြိမ်းခြောက်ခံရမယ်ဆိုရင် ရှိတ်မန်စာကိုယ်တိုင် ဆွေးနွေးပွဲမှာ ပါဝင်ခဲ့မှာဖြစ်ပါတယ်။

မန်စီနီရဲ့ အဓိကပစ်မှတ်နှစ်ယောက်ကတော့ အီဒင်ဇယ်ကိုးနှင့် ဒယ်နီအဲလ်ဗက်စ်တို့ဖြစ်ပါတယ်။ ဒယ်နီအဲလ်ဗက်စ်ကို ခေါ်ယူဖို့အတွက်ကတော့ ခက်ခဲပါလိမ့်မယ်။

ဘော့စ်နီးယား နိုင်ငံတကာကစားသမား ဇယ်ကိုးဟာ ဝုဖ်ဘတ်အသင်းအတွက် သူ့ရဲ့သုံးရာသီခွဲကာလမှာ သွင်းဂိုးပေါင်း ၈၂ ဂိုးသွင်းပေးပြီး ဖြစ်ပါတယ်။ သူရဲ့ အပြောင်းအရွှေ့တန်ဖိုးဟာ ပေါင် ၄၅ သန်း ဖြစ်ပါတယ်။

အင်တာနက်။

တောင်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် **ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လားရှိုးမြို့တွင် သုည ဒသမ ၅၉ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၃ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတကာအားကစားသတင်းများ

စပါးနှင့် ဗလင်စီယာတို့ကို ယုံကြည်ထားရမည့် ချန်ပီယံလိဂ်ပွဲစဉ်(၅) ဒုတိယနေ့ပွဲစဉ်များ

၂၅-၁၁-၂၀၁၀ (ကြာသပတေးနေ့)
နံနက် ၂ း၁၅ နာရီ

ချန်ပီယံလိဂ်ပွဲစဉ် (၅) ဒုတိယနေ့ပွဲစဉ်များမှာလည်း အသင်းကြီးတွေဖြစ်တဲ့ အင်တာမီလန်၊ စပါး၊ မန်ယူ၊ ဘာစီလိုနာနဲ့ ဗလင်စီယာတို့အတွက် ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ရေး အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပွဲတိုင်းက ပြိုင်ဆိုင်မှု ပြင်းထန်နေတာကို မြင်တွေ့ရဦးမှာပါ။

အုပ်စု(A)

စပါး-ဝါဒါဘရီမင်

ဘယ်တောင်ပံ ကစားသမား ဂါရတ်ဘေးလ်ရဲ့ ခြေစွမ်းပြမှုနဲ့အတူ ရလဒ်ကောင်းနေတဲ့ စပါး ခုနစ်မှတ်ရထားပြီး ဂျာမန်ဘွန်ဒက်စ်လီဂါမှာ ရလဒ်ဆိုးတွေနဲ့ ရင်ဆိုင်နေရတဲ့ ဝါဒါဘရီမင်ကတော့ နှစ်မှတ်သာ ရထားသေးတာကြောင့် အုပ်စုကိုကျော်ဖြတ်ရေးမျှော်လင့်ချက်က ပျက်ပြယ်ရတော့မှာ ဖြစ်ပါတယ်။ စပါး အိမ်ကွင်းကစားရမှာဖြစ်သလို ဒီဖိုး၊ လင်နွန်၊ ဂါရတ်ဘေးလ်၊ ဂျီးနပ်စ်၊ ဗန်ဒါဗက်တို့နဲ့ လူစုံလာမှာဖြစ်တာကြောင့် ဧည့်သည် ဝါဒါဘရီမင်ကို အနိုင်ရပြီး နောက်တစ်ဆင့်တက်ဖို့ အဆင်သင့် ဖြစ်နေတော့မှာပါ။

အင်တာမီလန်-တွမ်တီး

အင်တာမီလန် ခုနစ်မှတ်ရထားသလို တွမ်တီးကလည်း ငါးမှတ်ရထားတာကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်က မကုန်ဆုံးသေးပါဘူး။ ပထမအကျော့က နှစ်ဂိုးစီသရေကျထားပေမယ့် ဒီတစ်ကြိမ် ဆန်စီရိုမှာတော့ အင်တာ အမှတ်ပြည့် ရသွားမှာပါ။

အုပ်စု(B)

ရှော်ကေး-လိုင်ယွန်

ရှော်ကေး ခုနစ်မှတ်ရထားပြီး လိုင်ယွန်က ကိုးမှတ်ရထားပါတယ်။ နှစ်သင်းလုံးအတွက် အုပ်စုတက်ရေးက အရေးပါနေဆဲဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ။ ပထမအကျော့က လိုင်ယွန် တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပေမယ့် ဒီတစ်ကြိမ်မှာတော့ သရေဘက်ကို ဦးတည်နေပါတယ်။

ဟာပိုးလ်တဲလ်အဗစ်-ဘင်ဖီကာ

ဟာပိုးလ်တဲလ်အဗစ် အုပ်စုကျော်ဖြတ်ရေး မျှော်လင့်ချက် မရှိတော့ပေမယ့် ခြောက်မှတ်ရထားတဲ့ ဘင်ဖီကာကတော့ အခွင့်အရေးကောင်းနေဆဲပါ။ ဒါကြောင့် ပထမအကျော့က နှစ်ဂိုးပြတ်နိုင်ထားတဲ့ ဘင်ဖီကာ ဒီတစ်ကြိမ်လည်း အမှတ်မဆုံးရှုံးနိုင်ပါဘူး။



ဘာစီလိုနာအသင်းတွင် ပုံမှန်ခြေစွမ်းပြနေသည့် ဒေးဗစ်ဗီလာ။

အုပ်စု(C)

ရိန်းဂျားစ်-မန်ယူ

၁၀မှတ်ရထားတဲ့မန်ယူ ဒီပွဲကို သရေကစားရုံနဲ့ နောက်တစ်ဆင့် တက်နိုင်တော့မှာပါ။ ရိန်းဂျားစ်ကလည်း ငါးမှတ်ရထားတာကြောင့် မျှော်လင့်ချက်မကုန်ဆုံးသေးပါဘူး။ ပထမအကျော့က သရေကျထားသလို ဒီပွဲမှာလည်း မန်ယူ အနည်းဆုံးတော့ သရေရအောင် ကစားနိုင်မှာပါ။

ဗလင်စီယာ-ဘူဆာစပေါ်

ဗလင်စီယာဟာ ရိန်းဂျားစ်နဲ့အပြိုင် နောက်တစ်ဆင့်တက်ရေး ကြိုးပမ်းရမှာဖြစ်တာကြောင့် အမှတ်မရသေးတဲ့ ဘူဆာစပေါ်ကို ပထမအကျော့ကလိုပဲ လေးဂိုးပြတ်လောက်နဲ့ အနိုင်ယူဖို့ ရှိနေပါတယ်။

အုပ်စု(D)

ပင်နာသီယာကော့စ်-ဘာစီလိုနာ

ပင်နာသီယာကော့စ် နှစ်မှတ်သာ ရထားသေးတယ်ဆိုပေမယ့် နောက်ဆုံးပွဲစဉ်အထိ ရုန်းကန်ဦးမှာပါ။ ရှစ်မှတ်ရထားတဲ့ ဘာစီလိုနာ ပထမအကျော့က ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပေမယ့် ယခုဂရိမြေမှာတော့ ခက်ခဲတဲ့ပွဲတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။

ရူဘင်ကာဇင်-ကိုပင်ဟေဂင်

သုံးမှတ်ရထားတဲ့ ရူဘင်ကာဇင် ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်က ရှင်သန်လာမှာဖြစ်တာကြောင့် အိမ်ကွင်းမှာ အားထည့်ကစားလာမှာပါ။ ခုနစ်မှတ်ရထားတဲ့ ကိုပင်ဟေဂင် ပထမအကျော့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပေမယ့် ဒီတစ်ကြိမ်တော့ ရူဘင်ကာဇင်အလှည့် ဖြစ်လာနိုင်ပါတယ်။

စပါးတိုက်စစ်တွင် ပြန်လည်ပါဝင်လာမည့် ဂျာမိန်းဒီဖိုး။

ဟန်သစ်(ကြေးမုံ)



သီလရှင်စာသင်တိုက်/ သီလရှင်ပညာရေးကျောင်း သီလရှင်ဝတ်စုံလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြိုင်သီလရှင်စာသင်တိုက်သီလရှင်သင်ပညာရေးကျောင်းတွင် (တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်) ၂၇-၁၁-၂၀၁၀ ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ပရိယတ္တိစာအောင်နှင့် ကျောင်းသား၄၅၀ကျော်တို့မှ ပညာရည်ချွန်ကျောင်းသားများအား ဆုပေးပွဲနှင့် ပင့်လျှောက်ထားသော သီလရှင်များ၊ ကျောင်းတိုက်ရှိ သီလရှင်(၇၅)ပါးတို့အား သာသနာပြုရာ အထောက်အပံ့ဖြစ်စေရန် ဝတ်စုံလှူဒါန်းပွဲကို ကိုအေးထိုက်ကို-မမိုးမိုးစံတို့၏ မတည်အလှူ ဦးမျိုးနိုင်-ဒေါ်ခင်သစ်လွင်တို့၏ သမီးခင်ရတနာဆု၏ မွေးနေ့ နေ့ဆွမ်းအလှူ အလှူရှင်အများနှင့် စုပေါင်းဝတ်စုံလှူဒါန်းပွဲ ပြုလုပ်မည်ဖြစ်၍ သီလရှင် ဝတ်စုံတစ်စုံလျှင် (၂၅၀၀ိ/၅၀၀၀ိ) ကျပ်ဖြင့် လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၁-၇၃၀၆၂၈၁၇၊ တစ်ဆင့်ဖုန်း -၀၁-၆၁၁၄၉၇၊ ၆၁၀၅၈၈

မိဘအမည်မှန်

ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ်-၁၅(၃)လွှာနေ မဇင်မာလွင် [၁၂/ပဇတ(နိုင်)၀၃၅၅၂၁] (First Year Eco)၏ မိဘအမည်မှန်မှာ ဦးဇော်ဇော်ကျော်-ဒေါ်သီတာ ဖြစ်ပါကြောင်း။

ကားရောင်းရန်ရှိသည်

Town Aces (Light Truck)

ဆက်သွယ်ရန်

ဖုန်း-၀၁ ၈၅၅၀၅၈၄

(နံနက်၈နာရီမှ ညနေ၆နာရီအတွင်း ဆက်သွယ်ရန်)



ပဲခူးဒီဂရီကောလိပ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ပဲခူး နိုဝင်ဘာ ၂၂

ပဲခူးဒေသ ကောလိပ်၊ ပဲခူးကောလိပ်၊ ပဲခူးဒီဂရီကောလိပ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဘာသာရပ်ပေါင်းစုံမှ အငြိမ်းစားယူသွားကြသည့် ကျောင်းအုပ်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယ ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ပဲခူးဒီဂရီကောလိပ်၌ ဒီဇင်ဘာ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ထည့်ဝင်လိုသူများသည် ဒေါ်ရီရီအုန်းသန်း ဖုန်း-၀၅၂-၂၃၉၀၉၊ ဒေါ်သန်းသန်းထွန်း ဖုန်း-၀၉-၅၃၀၂၃၃၈၊ ဦးစိုးမိုးဝင်း ဖုန်း-၀၉-၅၁၀၅၉၇၂၊ ဒေါ်စိန်ရီ ဖုန်း-၀၉-၅၃၀၁၈၁၃၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၈၆၅၁၂၄၉၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၄၀၉၅၈၉၊ ဦးငွေစိုး ဖုန်း-၀၉-၅၁၈၆၇၇၅၊ ဒေါ်အေးအေးကြူ ဖုန်း-၀၉-၅၃၀၂၁၅၆၊ ဒေါ်မေမြတ်သူ ဖုန်း-၀၉-၅၃၀၁၈၁၄၊ ဒေါ်မော်ရီဝင်း ဖုန်း-၀၅၂-၂၄၄၃၄၊ ဒေါ်သီဂီမြင့်ရည် ဖုန်း-၀၉-၅၃၀၁၅၆၅၊ ဒေါ်သိန်းသိန်းမို ဖုန်း-၀၉-၅၃၀၀၃၅၂ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် ဒုတိယဦးစီးမှူး (သန့်) ဦးဆန်းဝင်းနှင့်အဖွဲ့ မြိုင်လမ်း ရေမြောင်းဆယ်ယူမှုကို လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဧကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၀၁-၅၀၁၅၄၇၊ ဒေါက်တာခင်မာဝေ ဖုန်း-၀၉-၅၅၀၀၉၂၂၊ ဒေါက်တာသီတာအေး ဖုန်း-၀၁-၇၃၀၄၁၇၂၄၊ ကိုအုန်းဝမ် ဖုန်း-၀၁-၇၃၀၀၃၅၂၈၊ မကက်သလင်းသိန်း ဖုန်း-၀၉-၅၀၂၆၄၇၀၊ မအေးမွန်(ခ) Alice ဖုန်း-၀၉-၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း-၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုအာသာ ဖုန်း-၀၁-၂၀၂၀၄၆နှင့် ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေကြည်မြို့နယ်၌ မိုးစပါး အထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

ရေကြည် နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဟောက်ဆွင်းမန်၊ ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူးဦးရွှေငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းစိန်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့် လက်ထောက်ဦးစီးမှူးများ၊ မြေစာရင်းဝန်ထမ်းများသည် မိုးစပါးအထွက်နှုန်းမှန်ကန်ရေးနှင့်(ကောင်း၊ သင့်၊ ညံ့) ကိုယ်စားပြု အလွှာများအတွက် နိုဝင်ဘာ ၁၈ ရက် နံနက်က ရေကြည်မြို့နယ် ဇီးတောကျေးရွာအုပ်စုတွင် စံကွက်ပေါင်း ကိုးကွက်ရိတ်သိမ်းကြရာ ကွင်းအမှတ်(၉၈) ညောင်ပင်ရိုးကွင်းမှ ဦးပိုင်အမှတ်(၃၇-ခ) ကောင်းကိုယ်စားပြုတောင်သူဦးဝင်းမြင့်၏ မနောသုခစပါးမျိုးသည် ခြောက်သွေ့ပြီးစပါးတစ်ဧကေ ၉၉ ဒသမ ၃၄ တင်း၊ ဦးပိုင်အမှတ်(၃၂) သင့်ကိုယ်စားပြုတောင်သူ ဦးသောင်းစိန်၏ မနောသုခစပါးခင်းမှ ခြောက်သွေ့ပြီး စပါးတစ်ဧကေ ၈၀ ဒသမ ၄၃ တင်း၊ ဦးပိုင်အမှတ်(၃၈/၄) ညံ့ ကိုယ်စားပြု တောင်သူ ဦးအောင်မင်း၏ မနောသုခစပါးခင်းမှ ခြောက်သွေ့ပြီး စပါးတစ်ဧကေ ၇၂ ဒသမ ၇၈ တင်း ထွက်ရှိသည်။**(အောက်ပုံ)**

ထို့နောက် မွန်းလွဲပိုင်းတွင် ပခုက္ကူခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဟောက်ဆွင်းမန်သည် ရေကြည်မြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် ကွင်းလုပ်ငန်းနှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၃၇၄)

ဖျာပုံမြို့(၅)လမ်း စံပြအခြေခံပညာမူလတန်းကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ဖျာပုံမြို့ (၅) လမ်း စံပြအမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ကျောင်းသား/ သူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၂ နာရီတွင် ဖျာပုံမြို့ (၅)လမ်း စံပြ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပါဝင်လိုပါက ရန်ကုန်မြို့တွင် ဒေါ်မေမေလွင် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၁၅၃၄၁၄၊ ဒေါ်ခင်ဝင်းသော် (ဖျာပုံမြို့နယ်အသင်း) ဖုန်း-၀၁-၅၄၆၅၁၂၊ ဖျာပုံမြို့တွင် ဦးဝေမြင့် (ရေလုပ်ငန်းရှင်) ဖုန်း-၀၄၅-၄၁၁၉၄၊ ဦးလှဝင်း(ရွှေလုပ်ငန်းရှင်) ဖုန်း-၀၄၅-၄၀၁၇၁၊ ဦးမြင့်အောင် (ဖိုးအောင်လေး) ဖုန်း-၀၄၅-၄၀၁၆၇၊ ဦးနေဝင်း (ပေါ်ပြူလာစာပေ) ဖုန်း-၀၄၅-၄၀၈၀၁၊ ဒေါ်စိုးစိုးရီ ဖုန်း-၀၄၅-၄၀၆၇၉ နှင့် ဆရာဦးလှမျိုးတင့် (ကျောင်းအုပ်ဆရာကြီး၊ စံပြ အမက)ဖုန်း-၀၄၅-၄၁၃၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သော တပင်ရွှေထီးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုအောင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၃၈၃)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၂၂

ဦးညီညီမောင်သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ၁၅၄ ကိုက်အကွာမှ Srixon No.3 ဘောလုံးကို Srixon Iron No.7 တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမင်းအောင်၊ ဦးငယ်လေး၊ ဦးမျိုးလွင်ဦး၊ ဦးမျိုးမြင့်တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးသတ်စက်၊ မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ် ဇာတ်တိုက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး






ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြှောင်လမ်း၊ အမှတ်-၁၁(မြေညီထပ်) ယာဘက်ခန်းဟု လိပ်စာတွင်သော တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဦးကျော်အေး နိုင်ငံသားအမှတ် [၁၂/မဂတ(နိုင်)၀၁၄၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်မာမင်း — **အထက်တန်းရှေ့နေ (စဉ်-၂၉၉၂၈)** — **ဖုန်း-၀၉၅၃-၂၀၁၇၁**

ဒေါ်စန္ဒာမြင့် — **အထက်တန်းရှေ့နေ (စဉ်-၇၅၂၆)** — **အမှတ်(၁၁၁)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉၈၆-၁၄၂၇၀၊ ၅၇၀၇၄၅**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ လူနေရပ်ကွက်အမှတ်-၂၂၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၂)၊ မြေကွက်အမှတ်(၉၃)၊ ဧရိယာ(၁၈၀၀)စတုရန်းပေ၊ (၀.၀၄၁)ဧကရှိ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဆရာထွန်းလမ်းနှင့် မင်္ဂလာလမ်းထောင့်ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာလမ်း၊ အမှတ်(၂၈)ဟုခေါ်တွင်သည့် ဟောင်ကောင်ပုံစံ၊ ၃ခန်းတွဲ၊ ၂ထပ်တိုက် အဆောက်အအုံရှိ စုစုပေါင်း(၆)ခန်းမှ မြေညီထပ်၊ ခေါင်းရင်းဘက်အစွန်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းရှိ အမည်ပေါက် ဦးစိန်မောင်၊ ဒေါ်တင်ဘီတို့၏သားဖြစ်သူ ဦးခင်မောင်ညို[၁၂/စခန(နိုင်)၀၀၅၈၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီခဲ့ပြီးဖြစ်ပါ၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ၁၇-၁၁-၂၀၁၀ ရက်တွင် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသည့်အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-ဦးမျိုးညွန့် (LL.B.,D.B.L)**

တရားရုံးချုပ်ရှေ့နေ (စဉ်-၅၁၄၂)

အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(အေ-၅)၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၇၁၅၉

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၈/ဈ၂)၊ ဧရိယာ(၀. ၂၁၉)ကေရှိ မြေပိုင်မြေ(၃/ခ)ရရှိပြီး မြေကွက်နှင့်၎င်း၏ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါ မြေကွက်ကို လက်ဝယ်ထားအမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးသိန်းဝင်း [၁၂/မရက(နိုင်)၀၈၄၈၈၁]နှင့် ဦးတင်မောင်ဝင်း (ကွယ်လွန်) [၁၂/မရက(နိုင်)၀၈၄၈၈၂]တို့မှ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြီး အဆိုပါမြေကွက်ကို ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကြေးကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် အရေးဆိုနိုင်ပါသည်။ အရေးဆိုသူမရှိပါက ဤအရောင်းအဝယ်ကို အပြီးတိုင် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မိမိလှိုင် (LL.B)

တရားရုံးချုပ်ရှေ့နေ(စဉ်-၅၃၅၄)

အေရှပလာဇာ၊ အခန်း(၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ် (၁၃/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃/က)၊ ရတနာလမ်း၊ ၁၆/၂ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ယု [၉/သစန(နိုင်)၀၇၉၃၂၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၁၃၅/၂၀၁၀ ရရှိသူ ဦးမင်းဟန် [၁၂/လမန(နိုင်)၀၁၂၈၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား (မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စန္ဒာမွှေး

LL.B.,M.P.A.,D.B.L.,D.M.L.,D.I.L.,D.APsy.,D.I.R.,D.G.I

တရားရုံးချုပ်ရှေ့နေ (စဉ်-၇၁၄၈)

အမှတ်(၁၄၄/၁)၊ နံ့သာဖြူလမ်း၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၇၈၀၄၈၊ ၀၁-၇၃၀၇၇၇၃၇၊ ၀၉-၅၀၅၈၈၉၇

စက်ချုပ်သင်တန်း

အင်္ကျီ၊ စကပ် နှစ်ဘာသာ ကျပ် ၄၀၀၀၀ တစ်လခွဲ အတတ်သင်ပေးသည်။ **အမျိုးသမီးအပ်ချုပ်ဆိုင် အမှတ်-၇၈၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ဖုန်း-၇၃၀၆၀၈၄၉**

ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ။

ဖုန်း-၇၀၀၈၈၇၊ ၀၉-၅၁၅၂၈၆၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၆၅၀/က၊ မြေကွက်တည်နေရာအမှတ် (၆၅၀/က)၊ (၁၁)လမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်ယဉ်ကြည်) (MHN-၁၅၄၀၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်ကြည်၊ ဦးလုံးဖြူ ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူအေး[၁၂/ကတတ(နိုင်)၀၁၇၄၆၀]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော မုန်းပေါ်-ပန်ဖိတ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး ကြီးကြပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

၁၉၈၃ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

၁၉၈၃ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဝင်းထွန်းအောင် ဖုန်း-၀၉-၅၀၀၀၄၀၅၊ သန်းမင်းအောင် ဖုန်း-၀၉-၈၀၂၅၁၆၁၊ တင်တင်စိုး ဖုန်း-၅၃၈၃၄၃၊ သက်သက်ဝင်း(ပေါက်ပေါက်)ဖုန်း -၆၆၃၄၂၂၊ မိမာ ဖုန်း-၀၉-၅၁၈၇၁၉၂၊ ကေသီထွန်း ဖုန်း-၀၉-၅၀၁၀၀၀၆၀၊ သန်းသန်းနု(ထွန်းလှပွဲရုံ) ဖုန်း-၂၉၉၃၅၁၊ စိုးဆင့်ဝင်း ဖုန်း-၀၉ -၅၁၉၀၉၁၇၊ နေမျိုးဇော်ညွန့် ဖုန်း-၀၉-၅၁၁၆၁၈၆၊ သိန်းဇော်(ကြာဇံ) ဖုန်း-၀၉-၅၁၂၇၃၁၃၊ သက်နေလင်းထွေး ဖုန်း-၀၉-၅၁၃၉၁၅၀၊ နွယ်နွယ်ဝင်း ဖုန်း-၇၃၀၂၇၃၄၀နှင့် သက်သက်ရွှေ ဖုန်း-၀၉-၅၁၁၇၆၈၃တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)၂၃-၁၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (မောရသုတ်- ဝဋ္ဋသုတ်) ဓမ္မပူဇာတေး
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးသလောက်ပေါင်းနှင့် မဲဇလီရွက်ဟင်းချို)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on line (ချမ်းချမ်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀	ပြုံးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (အလယ်တန်း-မြန်မာစာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတို့တွက်တာအလှကမ္ဘာ (လက်သည်းခြေသည်းပြုပြင်ခြင်း)
၅း၁၀	တေးပဒေသာ
၅း၁၅	ပြောပါရစေရှင် (မေတ္တာများဖြင့်ဖွဲ့တည်သော)
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၆၇)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ A guide to English Usage- ဦးသိန်းလွင် ၂။ ဆုတောင်းနှင့်အခြားဘာသာပြန် ကဗျာများ- ဖိုးရန်နိုင် (ကျောက်ကြီး) တေးသီချင်း
၆း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (သူငယ်ချင်းပြန်လာခဲ့ပါ)
၇း၃၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးစီးရီး (ရန်ခုန်နှုန်း-၁၄-ဟဲလေး၏ စုံတွဲတေးများ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

၂၀၁၀ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၀၅

ဦးသိန်းဟန် နှင့်
၁။ ဦးစိုးမြင့် (ခ) ဦးကျော်မြတ်ထွဋ် (ခ) ဖါရွှတ်
၂။ ဒေါ်ခင်သက်လွင် (ခ) ဒေါ်စန်းစန်းရီ
၃။ ဒေါ်သိန်းကြည် (ခ) ဒေါ်ခင်ခင်ပြုံး
၄။ ဒေါ်တင်သူဇာစိုး
၅။ ဒေါ်လှလှဝင်း
၆။ ဒေါ်ခင်ခင်စိန်
၇။ ဒေါ်အေးအေးသန်း (ခ) ဒေါ်မြတ်သက်အေး
၈။ ဦးသောင်းစိန်

လျှောက်ထားသူ — **လျှောက်ထားခံရသူများ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၁၆/၂၁၈ လမ်း၊ မင်းသား အပေါ်ထပ်နေ ဦးစိုးမြင့်(ခ)ဦးကျော်မြတ်ထွဋ်(ခ)ဖါရွှတ် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း၊ အမှတ် ၁၀၇/ ၁၀၉နေ ဒေါ်သိန်းကြည်(ခ) ဒေါ်ခင်ခင်ပြုံးနှင့် ဒေါ်တင်သူဇာစိုး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း(အထက်)အမှတ် ၇၁၄နေ ဒေါ် လှလှဝင်း၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်၂၁၆/၂၁၈နေ ဒေါ်ခင်ခင်စိန်၊ ဒေါ်အေးအေးသန်း (ခ) ဒေါ်မြတ်သက်အေး(ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

လျှောက်ထားသူ ဦးသိန်းဟန်မှ လျှောက်ထားခံရသူများအား တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀နှင့် ၁၀၁ တို့အရ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းမှ လက်လွတ်ဖြစ်သွား၍ ပြန်လည်လက်ရောက်ပေးအပ်စေရန် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုပြဆိုချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၉ ရက် နံနက် ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့လာစေ။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဇော်ဝင်း
တွဲဖက်တိုင်းတရားသူကြီး (၁)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်ပန်းတောင်းလမ်းဘေး အုတ်ရေမြောင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီသန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(၁)ပန်းဘဲတန်း (စိန်မေရီ)ကျောင်း မြတ်ဆရာ ပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်မြို့ အထက(၁) ပန်းဘဲတန်း(စိန်မေရီ)၌ ၁၉၇၀-၈၅ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဧကရီခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသေးစိတ် သိရှိလိုပါက ဒေါ်နီနီမာ၊ ဒေါ်စီစီမာ ဖုန်း-၂၄၃၇၄၀ နှင့် ၃၈၄၅၈၀၊ ဒေါ်စန္ဒာအေး၊ ဒေါ်သက်သက်ဦး ဖုန်း-၀၉-၅၁၅၆၃၀၆၊ ဒေါ်လှလှကြည် ဖုန်း-၀၉-၅၁၅၈၃၁၇၊ ဒေါ်ခင်မာလာ ဖုန်း-၅၇၀၉၆၅ (ဂန္ဓမာစတိုး)၊ ဒေါ်တင်တင်ဦး ဖုန်း- ၀၉-၅၀၀၆၄၇၈၊ ဒေါ်ဖြူဖြူ ဖုန်း-၇၂၅၅၈၆၊ ဒေါ်ခင်လေးဝင်း ဖုန်း-၀၉-၅၀၆၆၉၈၁၊ ဒေါ်မြင့်မြင့်လွင် ဖုန်း-၂၂၈၅၆၆၊ ၀၉-၉၉၂၅၇၉၁၊ ဒေါ်ခင်မာစီ ကျောင်းဖုန်း-၃၇၁၉၅၈နှင့် ၇၃၀၀၂၂၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)